ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ တနင်္လာနေ့၊ (28-5-2007) (၅၃၃၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်   မေ   ၂၈

၂၀၀၇ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟိုင်ဒါအေ အာလီယက်ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဂန့်ဂေါမြို့ ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှု

ဂန့်ဂေါ–ဟားခါးလမ်း တိုးချဲ့ဖောက်လုပ်မှုနှင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများကို စစ်ဆေး

လက်ဖက်စိုက်ပျိုးမှုကို ဒေသ၏ အားထားရသော စီးပွားရေးလုပ်ငန်းအဖြစ် တိုးချဲ့ဖော်ထုတ်ရန် မှာကြား

နေပြည်တော်   မေ   ၂၇

မကွေးတိုင်း ဂန့်ဂေါမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၄ ရက် နံနက် ၇ နာရီတွင် ဂန့်ဂေါမြို့ နယ်မြေခံတပ်မိသားစုများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်မိသားစုဝင်များအား ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တပ်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရေးမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုနှင့် ပျိုးဥယျာဉ်ကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဂန့်ဂေါ–ဟားခါးလမ်းအား လမ်းတာချဲ့ခြင်းနှင့် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး

✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး

✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး

✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆောင်းပါးအညွှန်း

“နိုင်ငံတော် အကြီးအကဲ ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များအနက် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေး ထက်မြက်စေရေးနှင့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းစဉ်များသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိ”

လင်း(ပညာရေး)၏ **“ပညာသင်နှစ်သစ်ကို ကြိုဆိုခြင်း”**

(ဆောင်းပါး) စာမျက်နှာ–၃

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၈-၅-၂၀၀၇
(တနင်္လာနေ့)

သီးနှံစုံအထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်က စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် နယ်မြေဒေသအလိုက် စိုက်ဧကများ တိုးတက် ဖော်ထုတ်နိုင်ရေး ဖန်တီးဖြည့်ဆည်းပေးနေသည်။ တစ်ဧကသီးနှံ အထွက်နှုန်းများ တိုးတက်ရေး၊ သီးထပ်သီးညှပ်သီးနှံများ တိုးမြှင့်စိုက်ပျိုးနိုင်ရေး တို့အတွက် စိုက်ပျိုးရေးဆိုင်ရာများ အားပေးကူညီ လျက်ရှိသည်။

အထူးသဖြင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ဆည်တမံ၊ ရေထိန်းတံခါး၊ ရေလွှဲဆည်များကို နိုင်ငံတစ်ဝန်း၌ တည်ဆောက်ပေးလျက်ရှိရာ ဆည်တမံ ၁၉၉ ခုမှ ဆည်ရေများ ပေးဝေလျက်ရှိသည်။ ထို့အပြင် မြစ်ရေတင်စီမံကိန်း ၃၀၅ ခုနှင့် မြေအောက်ရေရရှိရေးအတွက် တွင်းပေါင်းခုနစ်ထောင်ကျော်တို့ကို တူးဖော်ပေးနိုင်ခဲ့ရာ တစ်နိုင်ငံလုံး၌ သီးနှံများ စိုက်ပျိုးသည့်ဧက နှစ်ဆခန့် တိုးတက်လာခဲ့ပြီဖြစ်သည်။

တောင်သူလယ်သမားများ အနေဖြင့် စက်စွမ်းအားအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နိုင်စေရန် စက်မှုလယ်ယာ ကူးပြောင်းရေးကိုလည်း အားပေးလျက်ရှိသည်။ စက်မှုလယ်ယာ ကူးပြောင်းရာ၌ တောင်သူများ အလွယ်တကူ အသုံးပြုနိုင်သည့် လယ်ယာသုံးစက်ကိရိယာများကို တိုးတက် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေရရှိရေး ထောက်ကူပေးမှုများနှင့်အတူ အထွက်နှုန်းကောင်း သီးနှံမျိုးကောင်းမျိုးသန့်များ အသုံးပြု စိုက်ပျိုးရေး၊ တောင်သူများ စိုက်ပျိုးစရိတ်များ ကျဆင်းရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးတို့အတွက်လည်း ခေတ်မီ စိုက်ပျိုးရေး နည်းစနစ်များဖြင့် စီမံဖြည့်ဆည်းကူညီပေးလျက် ရှိသည်။

ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူလယ်သမားများ က မိုးစပါးများ လျာထားချက်နှင့်အညီ စိုက်ပျိုးခြင်း၊ နွေစပါးနှင့် သီးထပ်သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် သီးနှံစုံအထွက်တိုးပြီး လူမှုစီးပွား ဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများကို အမှူးထား၍ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းနေ ဗိုလ်ကြီးမျိုးသူအောင်-မစုမွန်အေးတို့၏ မင်္ဂလာဦး အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်စန္ဒန(မွှာစရိယ) ပြည်တော်သာထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်စောလွင် သာဂရစက်မှုနယ်မြေ ကြည့်ရှုစစ်ဆေး စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရန်မှာကြား

နေပြည်တော် မေ ၂၇

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ ရောက်ရှိစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်း ရှင်းလင်းဆောင်၌ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ၊ စီမံကိန်းအလုပ်ရုံ အဆောက်အအုံများအတွက် Steel Structure များ သင်္ဘောတင်ပို့မည့် အစီအစဉ်၊ စီမံကိန်း နယ်မြေသို့ သယ်ယူမည့်အစီအစဉ်နှင့် အလုပ်ရုံများတွင် တပ်ဆင်မည့်အစီအစဉ်များကိုလည်းကောင်း၊ မြေထိုးစက်၊ မြေတူးစက် ထုတ်လုပ်မှုစက်ရုံ စီမံကိန်းအတွက် စက်ပစ္စည်းကိရိယာများ သင်္ဘောတင်ပို့ ရောက်ရှိမှုနှင့် ထိန်းသိမ်းထားရှိမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။ ဝန်ကြီးကစီမံကိန်း တစ်ခုချင်းအလိုက် တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရေး၊ ဘက်စုံသုံးဒီဇယ် အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း အလုပ်ရုံများအတွက် Steel Structure များရောက်ရှိပါက တပ်ဆင်မည့် နေရာများတွင် စနစ်တကျ ထိန်းသိမ်းထားရှိရေး၊ မြေထိုးစက်၊ မြေတူးစက် ထုတ်လုပ်မှု စက်ရုံစီမံကိန်းတွင် စက်ပစ္စည်းများ အချိန်မီတပ်ဆင်နိုင်ရန်အတွက် တည်ဆောက်မှုလုပ်ငန်းများ အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရေး၊ သင်္ဘောတင်ပို့ ရောက်ရှိလာသည့် စက်ပစ္စည်းများအား စနစ်တကျ စစ်ဆေးလက်ခံ၍ စာရင်းဇယားများ ထားရှိပြီး လုံခြုံစွာထိန်းသိမ်းရေး၊ စက်တပ်ဆင်ရေးအပိုင်းအတွက် Technician Group ဖွဲ့စည်းထားရန်နှင့် လိုအပ်သော ကြိုတင်လေ့လာပြင်ဆင်မှုများ ပြုလုပ်ထားရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အလေအလွင့်နည်းပါးစေရေးနှင့် စက်သုံးဆီ ချွေတာရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှု စက်ရုံစီမံကိန်း အလုပ်ရုံများတွင် Steel Structure များ တပ်ဆင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ မြေထိုးစက်၊ မြေတူးစက်ထုတ်လုပ်မှု စက်ရုံစီမံကိန်း အလုပ်ရုံများ တည်ဆောက်ပြီးစီးမှုများနှင့် စက်ပစ္စည်း ကိရိယာများ တပ်ဆင်ရန် နေရာချထားမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာကိုယ်စားလှယ်အဖွဲ့ ကာဇက်စတန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၂၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်နိုင်ငံ အယ်လ်မာတီမြို့တွင် မေ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့သည့် (၆၃)ကြိမ်မြောက် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်) နှစ်ပတ်လည် အစည်းအဝေး၏ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် မေ ၂၆ ရက် နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

တပ်မတော်ဆေးရုံကြီးများ၌ မေတ္တာမွန်အဖွဲ့ စုပေါင်းသွေးလှူ

ရန်ကုန် မေ ၂၇

အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)တို့၌ ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သား လူနာများအတွက် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ရှိုင်းဟုပ် ကုမ္ပဏီ မေတ္တာမွန်သွေးလှူရှင်များအဖွဲ့က (၄၃)ကြိမ်မြောက် ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အဆိုပါဆေးရုံကြီးများ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)၌ (၄၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကျင်းပရာ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)မှ ရောဂါဗေဒပါရဂူ ဗိုလ်ကြီးသန့်ထိန်က ကျေးဇူးတင်စကားနှင့် သွေးလှူရှင်များ သိသင့်သည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှိုင်းဟုပ်ကုမ္ပဏီမှ ဒေါ်ညွှန့်ညွှန့်ဝေက သွေးလှူဒါန်းရခြင်း အကြောင်းကို ပြောကြားပြီး ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ရောဂါဗေဒပါရဂူ ဗိုလ်ကြီးသန့်ထိန်က လက်ခံယူပြီး သွေးလှူရှင် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မေတ္တာမွန်သွေးလှူရှင်အဖွဲ့မှ သွေးလှူရှင် ၇၅ ဦးတို့က စုပေါင်း၍ သွေးလှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင် ၅၀၀)၌ (၄၃)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကျင်းပရာ ရှေးဦးစွာ ရှိုင်းဟုပ်ကုမ္ပဏီမှ ဦးအောင်သန်းက သွေးလှူဒါန်းရခြင်းအကြောင်းကို ပြောကြားပြီး အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင် ၅၀၀)တပ်မှူးကိုယ်စားဒုတိယဗိုလ်မှူးကြီးစောလွင်က လက်ခံရယူပြီး သွေးလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

သွေးလှူဒါန်း

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ရှိုင်းဟုပ် ကုမ္ပဏီ မေတ္တာမွန် သွေးလှူရှင်များအဖွဲ့ တပ်မတော် အရိုးရောဂါအထူးကု ဆေးရုံကြီး (ခုတင်-၅၀၀) တွင် (၄၃) ကြိမ်မြောက် သွေးလှူဒါန်းကြစဉ်။ (သတင်းစဉ်)



အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲကို မေ ၂၃ ရက်က ဌာနာရပ်ကွက် ရွှေဌာနာစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မမနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် ဦးထိန်လင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။(မြို့နယ်ပြန်/ဆက်)

ပညာသင်နှစ်သစ်ကို ကြိုဆိုခြင်း

လင်း(ပညာရေး)

၂၀၀၁ခုနှစ် မေလတွင်ကျင်းပခဲ့သော အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ ပညာရေးနှီးနှောဖလှယ်ပွဲများ၌ အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ရေးဆွဲအတည်ပြုခဲ့ကြပြီး ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။

အမျိုးသား ပညာရည်မြင့်မားရေးကို အကောင်အထည်ဖော်ရာတွင် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေး မြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေး၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ လေးစားလိုက်နာရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင့်သန်ခိုင်မာရေးတို့ကို အထူးအလေးပေး ဆောင်ရွက်ခဲ့သည်။

အနှစ် ၃၀နှစ်ရှည်စီမံကိန်း၏ အခြေခံပညာကဏ္ဍ ပထမနှစ်တို ငါးနှစ်စီမံကိန်းကာလအတွင်း ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးလုပ်ငန်းများကို ပညာရေးစေတနာရှင်များ၊ မိဘပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ပညာသင်နှစ်အတွင်း ကျောင်းပျက်ကွက်မှု လျော့နည်းပပျောက်ရေးနှင့် အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်သည်အထိ အတန်းစဉ် တက်ရောက်သင်ယူနိုင်ရေးအတွက် ကျောင်းနေမြဲရေး အစီအစဉ်များကိုချမှတ်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် မူလတန်းလွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် အလယ်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနှုန်း မြင့်မားစေခဲ့သည်။ သင်ကြားရေးတွင် စဉ်ဆက်မပြတ် အကဲဖြတ်၍ အတန်းတင်ပေးသည့် စနစ်ကို ကျင့်သုံးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု ပိုမိုထိရောက်စေခဲ့သည်။

ကျောင်းတွင်းစီမံခန့်ခွဲမှုလုပ်ငန်းများ သွက်လက်ထက်မြက်စေရေးအတွက်လည်း အခြေခံပညာကျောင်းများ၊ ရုံးများ၏ စီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်ရေးသင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးပြီး စီမံခန့်ခွဲရေးလုပ်ငန်းများ သင်ကြားသင်ယူမှု စစ်ဆေးတိုင်းတာရေးလုပ်ငန်းများကို ပိုမိုထိရောက်စေရန် ဆောင်ရွက်နိုင်ခဲ့သည်။

အခြေခံပညာကဏ္ဍ ပထမနှစ်တို ငါးနှစ်စီမံကိန်းကို မျှော်မှန်းချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယနှစ်တိုငါးနှစ်စီမံကိန်း လုပ်ငန်းစဉ်များကို နိုင်ငံတော်၏ စတုတ္ထကာလတိုငါးနှစ်စီမံကိန်း ဦးတည်ချက်များဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ စီမံကိန်းများအတွင်း ထောင်စုနှစ် ရည်မှန်းချက်များကို ပြည့်မီကျော်လွန်အောင်ဆောင်ရွက်ရေးဟူသည့် ဦးတည်ချက်များနှင့် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၅ခုနှစ် ဒီဇင်ဘာလက နိုင်ငံတော်အကြီးအကဲ၏ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်များအတွင်း ပညာရေး အရည်အသွေးမြင့်မားရေးနှင့် နိုင်ငံတကာအဆင့်မီရေး မှာကြားချက်များနှင့်အညီ ၂၀၀၆ ခုနှစ် ဧပြီလတွင် အခြေခံပညာကဏ္ဍ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေးဆွဲရေး ဆွေးနွေးပွဲများကျင်းပပြီး အထက်တန်းအဆင့် ဘာသာရပ်အလိုက် သင်ရိုးမာတိကာနှင့် သင်ခန်းစာများကို ပြုပြင်ရေးဆွဲပြီးဖြစ်သည်။ ၂၀၀၆-၂၀၀၇ပညာသင်နှစ်တွင် ကျောင်းနေနှုန်း မြင့်မားလာသည်နှင့်အမျှ အတန်းကူးပြောင်းသင်ယူမှုနှုန်းလည်း တိုးတက်မြင့်မားလာခဲ့သည်။ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာသင်ယူခွင့် အခွင့်အရေးပိုမိုရရှိလာသကဲ့သို့ သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရေးနှင့် ကျောင်းဥပဓိရုပ်သွင်ပြင်လက္ခဏာ တိုးတက်ကောင်းမွန်ရေးအတွက် ပညာရေး အရည်အသွေးပိုင်းဆိုင်ရာ သတ်မှတ်ချက် (၇)ချက်၊ အသွင်သဏ္ဌာန်ဆိုင်ရာ သတ်မှတ်ချက်(၅)ချက် စုစုပေါင်း(၁၂)ချက် သတ်မှတ်ပေးပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးများက သုံးလတစ်ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့သည်။ ထိုကဲ့သို့ စိစစ်ကြပ်မတ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အတွက် ကျောင်းလုပ်ငန်း ဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်လာခဲ့သည်။

ပညာရေး အရည်အသွေးမြင့်မားရေးတွင် သင်ရိုးညွှန်းတမ်းနှင့် ဆရာသည် ခွဲခြား၍မရပေ။ သင်ရိုးညွှန်းတမ်းသည် ပညာရေးစနစ်၏ ကျောရိုးမဏ္ဍိုင်ဖြစ်သည်။ ဆရာသည် သင်ရိုးညွှန်းတမ်းကို အကောင်အထည်ဖော်သူဖြစ်ရာ အဓိကကျသော အခန်းက ပါဝင်လျက်ရှိသည်။ သင်ရိုးညွှန်းတမ်းများ မည်မျှပင်ကောင်းစေကာမူ ဆရာ၏ အရည်အသွေး နိမ့်ကျနေလျှင် အောင်မြင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဆရာ၏အရည်အသွေးမြင့်မားရေးသည် လိုအပ်ချက်တစ်ခုဖြစ်လာသည်။

သို့ဖြစ်၍ အခြေခံပညာအထက်တန်းအဆင့်တွင် ဘာသာရပ်ပညာအရည်အချင်းမြင့်မားသူများ ဖြည့်ဆည်း၍ ကျောင်းသား၊ ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးနိုင်ရန် ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် ပညာရေးနည်းပညာအထူးသင်တန်း အမှတ်စဉ်(၁)ကို ရန်ကုန်နှင့် မန္တလေး ပညာရေးတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချခဲ့သည်။ ထိုသင်တန်းမှ သင်တန်းဆင်း ၁၂၈၀ ကို ဘာသာရပ်နှင့် ကိုက်ညီသော အထက်တန်းပြရာထူးနေရာများတွင် ခန့်ထားပေးနိုင်ခဲ့သည်။ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အမီ ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပညာရေးနည်းပညာ အထူးသင်တန်း အမှတ်စဉ်(၂)ကို ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ပြီး သင်တန်းဆင်း ၁၁၇၅ ဦးကို အထက်တန်းပြရာထူးနေရာများတွင် ဖြည့်ဆည်းခန့်ထားပေးပြီးဖြစ်သည်။

မြို့ပေါ်ကျောင်းများနှင့် ကျေးလက်ဒေသကျောင်းများ၏ လေ့ကျင့်သင်ကြားမှု အရည်အသွေးနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးကွာဟချက် ကျဉ်းမြောင်းပပျောက်ရေးအတွက် အခြေခံပညာကျောင်းများတွင် သင်ကြားပြသပေးလျက်ရှိသည့် အထက်တန်းအဆင့် ဘာသာပြဆရာများ၏ သင်ကြားမှုအရည်အသွေးမြင့်မားစေရန် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာများ မွမ်းမံသင်တန်းကို ၂၀၀၆ ခုနှစ် မေလတွင် တက္ကသိုလ် ဒီဂရီကောလိပ် ၃၀ တွင် ဖွင့်လှစ်လေ့ကျင့်ပေးခဲ့သည်။ သင်တန်းသို့ အခြေခံပညာအထက်တန်းအဆင့် ဘာသာပြ ဆရာ၊ ဆရာမ ၆၈၅၇ ဦး တက်ရောက်ခဲ့သည်။ အခြေခံပညာကျောင်းအလိုက် ဆင့်ပွားသင်တန်းများကိုလည်း ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ခဲ့သည်။

ယခုအခါ အခြေခံပညာအထက်တန်းအဆင့် ဘာသာပြဆရာများ မွမ်းမံသင်တန်းများကို မတ်လ ၂၈ရက်မှ မေလ ၂၅ရက်အထိ တက္ကသိုလ် ဒီဂရီကောလိပ် ၃၁ ခုတွင် ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းနှင့် စီးပွားရေးတက္ကသိုလ်သုံးခုတွင် ဘောဂဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းကို တစ်ပြိုင်တည်း ဖွင့်လှစ်ပေးခဲ့ရာ ဆရာ၊ ဆရာမ ၅၅၀၃ ဦး တက်ရောက်ခဲ့ကြသည်။ ဘာသာပြဆရာများ မွမ်းမံသင်တန်းသည် လုပ်ငန်းခွင် အတွေ့အကြုံရှိပြီး အထက်တန်းအဆင့် ဘာသာပြဆရာ၊ ဆရာမများ၏ သင်ကြားမှု အတွေ့အကြုံများ၊ သင်ပြနည်းများနှင့် တက္ကသိုလ်တွင် သင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ၏ ဘာသာရပ် ကျွမ်းကျင်မှုတို့ကို နှီးနှောဖလှယ်ခြင်း၊ ပေါင်းစပ်ခြင်းပင်ဖြစ်သည်။ အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍဟူ၍ မခွဲခြားဘဲ ပညာရေးမိသားစုဝင် ဆရာ၊ ဆရာမ အချင်းချင်း အတွေ့အကြုံဗဟုသုတများ ပေါင်းစပ်ကာ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုစွမ်းရည် မြင့်မားလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြခြင်းဖြစ်သည်။

အမျိုးသားပညာရည်မြင့်မားရေးတွင် မူလတန်းပညာပြီးမြောက်ရေး၊ အရည်အသွေးပြည့်ဝရေးသည်လည်း အဓိကကဏ္ဍမှ ပါဝင်လျက်ရှိရာ မူလတန်းသင် ဆရာများ၏ အရည်အသွေးမြင့်မားရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် အခြေခံပညာအထက်တန်းအဆင့်သာမက အလယ်တန်းနှင့် မူလတန်းသင် ဆရာများ သင်ကြားရေးမွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးကောလိပ်များတွင် ဗဟိုအဆင့်နည်းပြသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့သည်။

ထို့ပြင် ဧပြီ ၂၃ ရက်မှ မေ ၁၈ ရက်အထိ မြို့ကြီး ၃၁၉ မြို့တွင် မူလတန်းသင်ဆရာများ သင်ကြားရေးမွမ်းမံသင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးခဲ့သည်။ အလယ်တန်းအဆင့် ဆရာများ မွမ်းမံသင်တန်းများကို မေ ၂ ရက်မှ ၂၉ ရက်အထိ ခရိုင်ရုံးစိုက်ရာ မြို့ကြီး ၅၇ မြို့တွင် ဖွင့်လှစ်ပို့ချပေးခဲ့သည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၁) ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ **‘နိုင်ငံတော်အကြီးအကဲ ချမှတ်ပေးထားသည့် လုပ်ငန်းစဉ်များအနက် ဆရာ၊ ဆရာမများ၏ သင်ကြားမှု အရည်အသွေး ထက်မြက်စေရေးနှင့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းစဉ်များသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများ၏ သင်ကြားမှု အရည်အသွေး ပြည့်ဝထက်မြက်စေရေးအတွက် အခြေခံပညာအဆင့်အလိုက် သင်ကြားမှုဆိုင်ရာ မွမ်းမံသင်တန်းများ၊ ဘာသာရပ်အလိုက် ပညာရပ်ဆိုင်ရာ သင်ကြားမှု မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသကဲ့သို့ အထက်တန်းပညာအဆင့်၌ ဘာသာရပ်အလိုက် သက်ဆိုင်ရာဘွဲ့ရ ဆရာ၊ ဆရာမများဖြင့်သာ သင်ကြားနိုင်စေရေးနှင့် ဂုဏ်ထူးတန်းဘွဲ့နှင့် မဟာဘွဲ့ရ ဆရာ၊ ဆရာမများဖြင့် အားဖြည့်သင်ကြားနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူ လူငယ်များ၏ ဘဝရှေ့ရေး မျှော်မှန်းချက်များ၊ လိုလားချက်များ၊ တန်ဖိုးထားမှုများ၊ အလားအလာများကို သိမြင်ပြီး နိုင်ငံ့လိုအပ်ချက်များနှင့် သဟဇာတဖြစ်အောင် ပေါင်းစည်းပေးရင်း နိုင်ငံ့အကျိုးပြု အဖိုးတန် လူ့စွမ်းအား အရင်းအမြစ်များဖြစ်လာအောင်၊ ပညာရည် အရည်အသွေး မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရအောင် စေတနာရှေ့ထား လေ့ကျင့်ပျိုးထောင်ပေးကြပါ’**ဟု တိုက်တွန်းမှာကြားခဲ့သည်။

မကြာမီ ရောက်ရှိလာတော့မည့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍ ပညာရေးမိသားစုဝင် စွမ်းအားရှင်တို့ပေါင်းစည်းကာ နိုင်ငံတော်က အားထားရမည့် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍမှ ပီပြင်အောင်မြင်စွာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြခြင်းဖြင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရင်း ပညာသင်နှစ်သစ်ကို ကြိုဆိုလိုက်ရပါသည်။ ။

ပညာရေး အရည်အသွေး မြင့်မားရေးတွင် သင်ရိုးညွှန်းတမ်းနှင့် ဆရာသည် ခွဲခြား၍မရပေ။ သင်ရိုးညွှန်းတမ်းသည် ပညာရေးစနစ်၏ ကျောရိုးမဏ္ဍိုင်ဖြစ်သည်။ ဆရာသည် သင်ရိုးညွှန်းတမ်းကို အကောင်အထည်ဖော်သူဖြစ်ရာ အဓိကကျသော အခန်းက ပါဝင်လျက်ရှိသည်။ သင်ရိုးညွှန်းတမ်းများ မည်မျှပင် ကောင်းစေကာမူ ဆရာ၏ အရည်အသွေး နိမ့်ကျနေလျှင် အောင်မြင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဆရာ၏အရည်အသွေး မြင့်မားရေးသည် လိုအပ်ချက်တစ်ခုဖြစ်။

လက်နက်ထိန်းချုပ်ရေး အရေးပေါ် အစည်းအဝေးခေါ်ရန် ရုရှားတိုက်တွန်း

ဗီယင်နာ မေ ၂၆

ဥရောပရှိ သမားရိုးကျလက်နက်ကိုင်တပ်ဖွဲ့များ၏ လက်နက်ထိန်းချုပ်ရေးစာချုပ်တွင် ပါဝင်သည့်နိုင်ငံများ အရေးပေါ် အစည်းအဝေးခေါ်ယူရန် ရုရှားအစိုးရက တိုက်တွန်းလိုက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗ်ရော့က မေ ၂၄ရက်တွင် ပြောကြားသည်။

နိုင်ငံတကာလက်နက်ထိန်းချုပ်ရေး နယ်ပယ်တွင် ဖြစ်ပေါ်နေသည့်အခြေအနေမှာ ဆိုးရွားလျက်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပသည့်ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအက်စ်စီအီး) ဖိုရမ်ဆွေးနွေးပွဲတွင် ပြောကြားသည်။ သမားရိုးကျလက်နက်ကိုင်တပ်ဖွဲ့၏ လက်နက်ထိန်းချုပ်ရေး စာချုပ်တွင် ပါဝင်သော အနောက်အုပ်စုနိုင်ငံများသည် ၎င်းတို့၏နိုင်ငံရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် လက်နက်ထိန်းချုပ်ရေးဆိုင်ရာစာချုပ်ကို အလွဲအသုံးချလျက်ရှိကြောင်း လက်ဗ်ရော့က ပြောကြားသည်။

၁၉၉၉ခုနှစ်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပသည့် အစည်းအဝေး၌ ဥရောပတွင် သမားရိုးကျတပ်ဖွဲ့ လက်နက်လျှော့ချရေး သဘောတူညီချက်ကို ပြဋ္ဌာန်းခဲ့သည်။ ***အင်တာနက်။***

လက်ဘနွန်နိုင်ငံ ထရီပိုလီမြို့၌ လက်ဘနွန်တပ်ဖွဲ့ဝင်များ ကင်းလှည့်စောင့်ကြပ်နေသည်ကို မေ ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ချုံခိုတိုက်ခိုက်ခံရမှုကြောင့် ထိုင်းတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရ

ဗန်ကောက် မေ ၂၇

ထိုင်းနိုင်ငံ တောင်ပိုင်း ယာလာပြည်နယ်တွင် တနင်္ဂနွေနေ့ နံနက်က ကင်းလှည့်နေသော တပ်ဖွဲ့ဝင်များ ချုံခိုတိုက်ခိုက်ခံရသဖြင့် တပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ယာလာပြည်နယ် ဘန်နန်းဆာတာခရိုင်ရှိ ဘူဆူး ကျေးရွာတွင် ကင်းလှည့်နေသော တပ်စိပ်ကို သောင်းကျန်းသူများက ချုံခိုတိုက်ခိုက်ခဲ့ရာတွင် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ ထိုင်းတောင်ပိုင်းရှိ ပြည်နယ်သုံးပြည်နယ်တွင် လွန်ခဲ့သည့် သုံးနှစ်ကျော်ကာလမှစ၍ လက်နက်ကိုင်ပုန်ကန်မှု ပေါ်ပေါက်ခဲ့ရာ လူပေါင်း ၂၀၀၀ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။ ***အင်တာနက်။***

အမေရိကန် စစ်ရဟတ်ယာဉ် ဂျော်ဒန်တွင် ပျက်ကျ

အမ္မန် မေ ၂၇

ဂျော်ဒန်နိုင်ငံတွင် စစ်ရေးလေ့ကျင့်ပျံသန်းနေသော အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူး နှစ်ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က ယနေ့ ပြောကြားသည်။

မြို့တော် အမ္မန်မှ ကီလိုမီတာ ၈၀ခန့်အကွာ အယ်လ်ကာထရန်နာမြို့၏ တောင်ဘက် လူနေဒေသမဟုတ်သည့် နေရာတစ်နေရာတွင် သောကြာနေ့ညက စစ်ရဟတ်ယာဉ် ပျက်ကျခဲ့ကြောင်း၊ အေအိပ်ချ်-၁ ဒဗလျူကူပါကော်ဘရာ အမျိုးအစားယင်းရဟတ်ယာဉ်သည် အမေရိကန်နှင့် ဂျော်ဒန် ပူးတွဲစစ်လေ့ကျင့်မှု၌ ပါဝင်သော ရဟတ်ယာဉ်ဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။ ***အင်တာနက်။***

လက်ဘနွန်တပ်ဖွဲ့အတွက် လက်နက်နှင့် ခဲယမ်းမီးကျောက် အမေရိကန်ထောက်ပံ့ပေးနေဟု သတင်းစာတွင်ဖော်ပြ

ထရီပိုလီ မေ ၂၆

အမေရိကန်နိုင်ငံသည် အယ်လ်ခိုင်ဒါအုပ်စုက ကျောထောက်နောက်ခံပြုထားသည့် စစ်သွေးကြွများအား နှိမ်နင်းနေသည့် လက်ဘနွန်အစိုးရတပ်ဖွဲ့ဝင်များအတွက် လက်နက်နှင့် ခဲယမ်းမီးကျောက်များကို ထောက်ပံ့ပေးလျက်ရှိကြောင်း လန်ဒန်တိုင်းမ်သတင်းစာက ယနေ့ရေးသားဖော်ပြသည်။

အရှေ့အလယ်ပိုင်းရှိ အမေရိကန်ကြည်းတပ် အခြေစိုက်စခန်းများမှ လက်နက်များနှင့် ခဲယမ်းမီးကျောက်များကို တင်ဆောင်လာသည့် အာရပ်နိုင်ငံတစ်နိုင်ငံမှ စစ်လေယာဉ်များသည် ဘေရွတ်မြို့သို့ ဆိုက်ရောက်လာကြောင်း သတင်းစာတွင် ဖော်ပြသည်။

လက်ဘနွန်နိုင်ငံမြောက်ပိုင်း ထရီပိုလီမြို့အနီးရှိ နာအယ်လ်ဘာရတ် ပါလက်စတိုင်း ဒုက္ခသည်စခန်းများကို ခြေကုပ်ပြုထားသော စစ်သွေးကြွများနှင့် အစိုးရတပ်ဖွဲ့ဝင်များ ကြာသပတေးနေ့ညမှစ၍ ပြန်လည် တိုက်ခိုက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

တိုက်ပွဲများအတွင်းလက်ဘနွန်တပ်ဖွဲ့ဝင် ၃၃ ဦးနှင့် စစ်သွေးကြွ ၂၅ ဦးထက်မနည်းသေဆုံးခဲ့ရပြီဖြစ်သည်။ ***အင်တာနက်။***

ချက် တောင်တက်သမားနှစ်ဦး ဧဝရက်တောင်ထိပ်သို့ရောက်ရှိ

ပရာဟာ မေ ၂၆

ချက်လူမျိုး တောင်တက်သမားနှစ်ဦးသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ဧဝရက်တောင်ထိပ်ပေါ်သို့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် အခြားချက်လူမျိုး တောင်တက်သမားတစ်ဦးမှာမူ တောင်ထိပ်သို့ မရောက်မီ သေဆုံးသွားခဲ့ကြောင်း ချက်နိုင်ငံရှိ စီတီကေသတင်းဌာနက မေ ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

ဧဝရက်တောင်ပေါ်သို့ အောင်မြင်စွာ တက်ရောက်နိုင်သူနှစ်ဦးမှာ ပရာဟာမြို့တော်ဝန် ပါဗယ်ဘမ်းနှင့် အသက် (၂၉)နှစ် အရွယ်ရှိ ကလာရာပိုလက်ကိုဗာတို့ဖြစ်သည်။ ပိုလက်ကိုဗာသည် ဆက်သွယ်ရေးကုမ္ပဏီ၏ အကြံပေးတစ်ဦးဖြစ်ပြီး ဧဝရက်တောင်ပေါ်သို့ တက်ရောက်နိုင်သည့် ပထမဆုံးသော ချက်လူမျိုး အမျိုးသမီးတစ်ဦးဖြစ်လာသည်။

ပိုလက်ကိုဗာ၏ လမ်းပြအဖြစ်ဆောင်ရွက်ပေးသူမှာ တာရီတန်ဇင်းဖြစ်သည်။ တန်ဇင်းသည် ၁၉၅၃ခုနှစ်က ဧဝရက်တောင်ပေါ်သို့ ပထမဆုံးအောင်မြင်စွာ တက်ရောက်နိုင်သည့် အက်ဒမင်ဟီလာရီနှင့်အတူ လိုက်ပါသွားခဲ့သော တန်ဇင်းနော်ဂေး၏ မြေးတော်စပ်သူဖြစ်သည်။

၈၈၄၈မီတာမြင့်သည့် ဧဝရက်တောင်ပေါ်သို့ တက်ရောက်နိုင်သော ချက်လူမျိုးဦးရေမှာ ယခုအချိန်အထိ ၁၀ဦး ရှိပြီဖြစ်သည်။ ဧဝရက်တောင်ထိပ်ပေါ်သို့ တက်ရောက်ရန်ကြိုးပမ်းသူ ၂၀၀ခန့်မှာ တောင်တက်စဉ် သေဆုံးခဲ့ရပြီး ယင်းသို့သေဆုံးသူများအနက် ၂၈ဦးမှာ ချက်လူမျိုးများဖြစ်သည်။

ချက်သမ္မတနိုင်ငံတွင် တောင်တက်အားကစား ရေပန်းစားနေပြီး ခြေလျင်နှင့်တောင်တက်အသင်းတွင် အသင်းဝင်ပေါင်း ၃၀၀၀၀ရှိသည်။ ***အင်တာနက်။***

နျူကလီးယားစွမ်းအင်လုပ်ငန်း အိန္ဒိယနှင့် ဘရာဇီး ပူးပေါင်းဆောင်ရွက်မည်

နယူးဒေလီ မေ ၂၆

အိန္ဒိယနှင့် ဘရာဇီးနိုင်ငံတို့သည် ကမ္ဘာ့တိုက်ကြီးများ ခြားထားလင့်ကစား နျူကလီးယားစွမ်းအင်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူးလာဒါဆေးလ်ဗားသည် ဖွန်လအတွင်း အိန္ဒိယသို့ လာရောက်သည့်အခါ အရပ်ဘက်သုံး နျူကလီးယား စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် များကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း မေ ၂၅ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် အရပ်ဘက်သုံး နျူကလီးယား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ရရှိရန် နောက်ဆုံးအဆင့် ဆွေးနွေးမှုများပြုလုပ်နေချိန်တွင် အိန္ဒိယသို့ ဘရာဇီးသမ္မတ လာရောက်မည်ဖြစ်သည်။ အဖွဲ့ဝင် ၄၅နိုင်ငံပါဝင်သော နျူကလီးယားဆိုင်ရာ ပစ္စည်းများထောက်ပံ့ရေးအုပ်စုတွင် အရေးပါသော အဖွဲ့ဝင်အဖြစ် ဘရာဇီးနိုင်ငံပါဝင်သည်။

နျူကလီးယားစွမ်းအင် ထုတ်လုပ်မှုအတွက် အိန္ဒိယနိုင်ငံကို ဘရာဇီးက ကူညီမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီး ဟိုဆေးဗင်းဆင့်က ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် စွမ်းအင်လိုအပ်ချက် ကြီးထွားနေသော နိုင်ငံဖြစ်သည်။

ဘရာဇီးသမ္မတ အိန္ဒိယခရီးစဉ်အတွင်း သမ္မတနှင့်အတူ လိုက်ပါလာမည့် ကုမ္ပဏီအကြီးအကဲများက ကုန်သွယ်ရေးလုပ်ငန်းများ မြှင့်တင်နိုင်မည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း ဗင်းဆင့်ကပြောကြားသည်။ အိန္ဒိယနှင့်ဘရာဇီး အပြန်အလှန်ကုန်သွယ်မှုသည် ၂၀၁၀ပြည့်နှစ်ထက်နောက်မကျဘဲ ဒေါ်လာ ၁၀ဘီလီယံအထိ ရောက်ရှိလာမည်ဟု မျှော်မှန်းထားသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ရှန်ယန်မြို့၌ အလိုအလျောက် ငွေထုတ်စက်များ အသုံးပြုနေသည်ကို မေ ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူနိုင်ငံ ဂလက်ဇိုစမစ်ကလင်း ဇီဝနည်းပညာကုမ္ပဏီ၏ လုပ်ငန်းခွင်တစ်နေရာကို မေ ၂၆ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မိုးကြိုးအန္တရာယ် ကာကွယ်ပေးမည့် ဆဲလ်ဖုန်းတီထွင်

ဟယ်ဆင်ကီ မေ ၂၆

ဖင်လန်နိုင်ငံရှိ မိုဘိုင်းလ်ဖုန်း ထုတ်လုပ်ရေး ထိပ်တန်းကုမ္ပဏီဖြစ်သော နိုကီယာကုမ္ပဏီသည် မိုးကြိုးဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်မည့် ဆဲလ်ဖုန်းထုတ်လုပ်ရေး နည်းပညာတစ်ရပ်ကို တီထွင်ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း မေ ၂၆ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂေါက်သီးကစားကွင်း ကဲ့သို့သော ကွင်းပြင်များအတွင်းသို့ ရောက်ရှိနေသူများသည် မိုးကြိုးအန္တရာယ်ရှိသည်။

နိုကီယာကုမ္ပဏီက ထုတ်လုပ်သည့် ဆဲလ်ဖုန်းများတွင် မိုးကြိုးအန္တရာယ် ကာကွယ်ရေး ကိရိယာတစ်မျိုးကို ထည့်သွင်းထားမည်ဖြစ်သည်။ ယင်းကိရိယာသည် မိုးကြိုးများက ထုတ်လုပ်သော ရေဒီယိုလှိုင်းများကို အာရုံခံနိုင်ကာ ဆဲလ်ဖုန်းသုံးစွဲသူကို သတိပေးနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

မလေးရှား အာကာသယာဉ်မှူးနှစ်ဦး နာဆာတွင် လေ့ကျင့်မည်

ကွာလာလမ်ပူ မေ ၂၆

မလေးရှားလူမျိုး အာကာသယာဉ်မှူး နှစ်ဦးသည် အမေရိကန်အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအဖွဲ့(နာဆာ)တွင် ဖွန်လအတွင်း လေ့ကျင့်မည်ဖြစ်ကြောင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက မေ ၂၆ ရက်တွင် ပြောကြားသည်။

အဆိုပါ အာကာသယာဉ်မှူး နှစ်ဦးသည် အမေရိကန်နိုင်ငံ တက္ကဆပ်ပြည်နယ်ရှိ နာဆာစခန်းတွင် ရက်သတ္တသုံးပတ်ကြာ လေ့ကျင့်မည်ဖြစ်ကြောင်း မလေးရှားသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဝန်ကြီး ဂျာမလူဒင်ဂျာဂျစ်က သတင်းထောက်များအား ပြောကြားသည်။

မလေးရှား အာကာသယာဉ်မှူးနှစ်ဦး ဖြစ်ကြသော ရှိတ်မူဇာဖာရှခါ (၃၅နှစ်) နှင့် ဖစ်ဇ်ခါလိဒ် (၂၇နှစ်)တို့သည် ရုရှားနိုင်ငံမော်စကိုရှိ ယူရီဒါကာ အာကာသယာဉ်မှူး လေ့ကျင့်ရေး ဗဟိုဌာနတွင် လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ ၎င်းတို့အနက် တစ်ဦးသည် ယခုနှစ်အောက်တိုဘာလတွင် နိုင်ငံတကာအာကာသစခန်းယာဉ်သို့ သွားရောက်မည့် ဆိုယုဇ်ဒုံးပျံယာဉ်နှင့်အတူ လိုက်ပါခွင့် ရရှိမည်ဖြစ်သည်။

အင်တာနက်။

အိန္ဒိယ သရက်သီးပွဲတော် ဂျပန်တွင် ကျင်းပ

တိုကျို မေ ၂၆

အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့၏ ချစ်ကြည်ရေးနှစ် အထိမ်းအမှတ် အခမ်းအနားတစ်ရပ်အဖြစ် အိန္ဒိယသရက်သီးပွဲတော်ကို တိုကျိုမြို့၌ မေ ၂၃ ရက်မှ ၂၈ရက်အထိ ကျင်းပလျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အိန္ဒိယသရက်သီးပွဲတော်ကို အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ကာမဲလ်နတ်က တရားဝင်ဖွင့်လှစ်ပေးသည်။

ထုတ်လုပ်

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် သရက်သီးအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သည်။ ကမ္ဘာ့သရက်သီးထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံတွင်ထုတ်လုပ်သည်။ အရသာကောင်းမွန်ပြီး အဆင်းလှပသော အိန္ဒိယသရက်သီးများကို ကမ္ဘာ့ပြည်သူများက နှစ်ခြိုက်ကြသည်။

အင်တာနက်။

အီရတ်တွင် ကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံး

ဘဂ္ဂဒက် မေ ၂၇

အီရတ်နိုင်ငံတစ်ဝန်း၌ သောကြာနေ့က အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးရပြီး တပ်ဖွဲ့ဝင် တစ်ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်အရှေ့မြောက်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာ မာဒါဒီယာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးရကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဘဂ္ဂဒက်တွင် သေနတ်ငယ်များဖြင့် ပစ်ခတ်ခံခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာ ရရှိသော ဒဏ်ရာဖြင့် သေဆုံးရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်၌ တိုက်ခိုက်မှုမဟုတ်သော ဖြစ်စဉ်တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် မေလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၉၂ဦးထက်မနည်း သေဆုံးခဲ့ရပြီးဖြစ်ကြောင်း၊ စစ်ပွဲစတင်ချိန်မှ ယခုအထိ အမေရိကန်တပ်ဖွဲ့ဝင် ၃၄၄၅ ဦး သေဆုံးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အစ္စရေးတပ်ဖွဲ့များ လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော ဂါဇာဒေသမှ အဆောက်အုံများအား ရှင်းလင်းနေသည်ကို မေ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရန်နျူကလီးယားပြဿနာ ဖြေရှင်းရေးအပေါ် သံတမန်ရေးအရ ကြိုးပမ်းရန် တရုတ်တိုက်တွန်း

ပေကျင်း မေ ၂၆

အီရန်နျူကလီးယား ပြဿနာနှင့် ပတ်သက်၍ သက်ဆိုင်သည့် အဖွဲ့အစည်းများအနေဖြင့် သံတမန်ကြိုးပမ်းမှုများနှင့်အတူ အပြုသဘောဆောင်သည့် စိတ်နေစိတ်ထားမျိုး ပြသကြကာ ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သင့်ကြောင်း တရုတ်နိုင်ငံက ကြာသပတေးနေ့တွင် တိုက်တွန်းလိုက်သည်။

အီရန်နျူကလီးယား ပြဿနာနှင့် စပ်လျဉ်း၍ ဖြေရှင်းမှုရရှိစေရန် ကြိုးပမ်းသင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ကျန်ယုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။**အမ်အင်အေ၊ဆင်ဟွာ။**

ပီရူးတွင် လေယာဉ်ပျက်ကျ လိုက်ပါလာသူများအနက် ၁၂ဦးသေဆုံး

လီမာ မေ ၂၆

ပီရူးလေတပ်မှလေယာဉ်တစ်စင်းသည် ပီရူးနိုင်ငံ အရှေ့မြောက်ပိုင်း ဝေးလံခေါင်သီသည့်နေရာတွင် ပျက်ကျခဲ့သဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး အပါအဝင် ရှစ်ဦး အသက်မသေ ကျန်ရှိခဲ့ပြီး ၁၂ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက သောကြာနေ့တွင် ပြောကြားသည်။

ဒီဟာဗီလန်း တွင်အော်တာအမျိုးအစား လေယာဉ်သည် အမေဇုန်သစ်တောဒေသရှိ အီကီတိုမြို့မှ ပူကောပါမြို့သို့ ပျံသန်းလာစဉ် ကြာသပတေးနေ့ ညက ပျက်ကျခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့မှ ရဟတ်ယာဉ်တစ်စင်းက အသက်မသေ ကျန်ရစ်သူတစ်ဦးကို ရှာဖွေတွေ့ရှိခဲ့ပြီး မရိန်း ခြေလျင်တပ်ကလည်း ခုနစ်ဦးကို ရှာဖွေတွေ့ရှိခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီး အလန်ဝက်ဂနာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် ဆူမိုနပန်းအကြီးတန်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သူနှစ်ဦးကို မေ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆိုမာလီရေပြင်တွင် ကုန်တင်သင်္ဘောတစ်စင်း အပိုင်စီးခံရ

နိုင်ရိုဘီ မေ ၂၆

မိုဂါဒစ်ရှူးဆိပ်ကမ်းအနီး၌ မေ ၂၄ ရက်က ဆိုမာလီ သင်္ဘောတစ်စင်းကို သေနတ်သမားများက အပိုင်စီးခဲ့ကြောင်း ကင်ညာနိုင်ငံရေကြောင်းသွားလာမှုဆိုင်ရာ အရာရှိက မေ ၂၅ရက်က အတည်ပြုပြောကြားသည်။

ပြောကြား

ပင်လယ်ဓားပြများသည် အယ်အက္ကီအမည်ရှိ ကုန်တင်သင်္ဘောကို အပိုင်စီးလိုက်ကြောင်း သိရှိသော်လည်း ၎င်းသင်္ဘောပေါ်၌ သင်္ဘောသားမည်မျှပါသွားသည်၊ မည်သည့်နိုင်ငံသားများ ပါသွားသည်ကို မသိရှိရကြောင်း သင်္ဘောသားများ အကူအညီပေးရေးအဖွဲ့(အက်စ်အေပီ)မှ အန်ဒရူးမဝမ်ဂူရာက ပြောကြားသည်။

ပင်လယ်ဓားပြများသည် အိန္ဒိယသင်္ဘောကို မိုဂါဒစ်ရှူးဆိပ်ကမ်းအပြင်ဘက်၌ အပိုင်စီးခဲ့သည်။ ယခုအချိန်အထိ မည်သည့်နေရာသို့ ဦးတည်သွားနေသည်ကို မသိရှိရသေးကြောင်း မဝမ်ဂူရာက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဝေလငါးနှင့် လင်းပိုင်ငါး ဖမ်းဆီးမှုအား ဂျာမနီနိုင်ငံ ဘာလင်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားသူများ ကန့်ကွက်ဆန္ဒပြနေကြသည်ကို မေ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဝေလငါးမျိုး ထိန်းသိမ်းစောင့်ရှောက်ရေး ဖိအားပေး

ဘာလင် မေ ၂၆

နိုင်ငံတကာဝေလငါးဖမ်းဆီးမှု ကော်မရှင်၏ နှစ်ပတ်လည်အစည်းအဝေးကို အမေရိကန်နိုင်ငံ အလာစကာတွင် မေလ နောက်ဆုံးသီတင်းပတ်အတွင်း ကျင်းပရန်ရှိနေစဉ် ဝေလငါးမျိုး ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် စီးပွားဖြစ်ဝေလငါးဖမ်းဆီးမှုနှင့် သိပ္ပံသုတေသနလုပ်ငန်းအတွက် ဝေလငါးဖမ်းဆီးမှု ပိတ်ပင်ပေးရန် ဖိအားပေးမှုများ တိုးတက်ဖြစ်ပေါ်လာကြောင်း မေ ၂၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

နိုင်ငံတကာဝေလငါး ဖမ်းဆီးမှုကော်မရှင်တွင် အဖွဲ့ဝင် ၇၅ နိုင်ငံပါဝင်သည်။ အဆိုပါ ကော်မရှင်သည် ဝေလငါးကောင်ရေ ကျဆင်းခြင်း မရှိစေရေးအတွက် စီမံခန့်ခွဲနိုင်ခွင့်ရှိသော အဖွဲ့အစည်းဖြစ်ပြီး၊ ၁၉၈၆ ခုနှစ်မှစ၍ စီးပွားဖြစ်ဝေလငါးဖမ်းဆီးမှုကို ပိတ်ပင်ခဲ့သည်။ သို့ရာတွင် ထိုအချိန်မှစ၍ ဝေလငါးကောင်ရေ ၂၀၀၀၀ ကျော် သတ်ဖြတ်ခံခဲ့ရသည်။ စီးပွားရေးအလို့ငှာ ဝေလငါးကို ရောင်းချနိုင်ရန် သတ်ဖြတ်နေခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ် တစ်နှစ်တည်းမှာပင် ဝေလငါးကောင်ရေ ၂၀၀၀ကျော် သတ်ဖြတ်ခံခဲ့ရသည်။ ဝေလငါးမျိုး ထိန်းသိမ်း စောင့်ရှောက်ရေးသည် ကမ္ဘာ့နိုင်ငံများအတွက် အလေးထားလုပ်ဆောင်စရာဖြစ်ကြောင်း၊ ဝေလငါးဖမ်းဆီးမှုကို ထိန်းချုပ်ခြင်း မရှိပါက အနာဂတ်ကာလတွင် ဝေလငါးမျိုးသုဉ်းနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများက ပြောကြားသည်။ **အင်တာနက်။**

တက်ရောက်အားပေး

ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ကြံခင်းမြို့နယ် သစ်ဆိမ့်ကုန်း ကျေးရွာအုပ်စု ခြစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲများ တက်ရောက်အားပေး မြန်အောင်မြို့နယ် မမြရေလျှောင်တမံစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မေ ၂၁ရက် နံနက် ၆နာရီက ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာအုပ်စု၏ ခြံစည်းရိုးကြက်ဆူ ဧက ၁၀ စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးရာ ယာယီမဏ္ဍပ်၌ မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်က မြို့နယ်၏ သီးနှံစိုက်စွမ်းအား၊ ခြံစည်းရိုးကြက်ဆူနှင့် ရော်ဘာစိုက်ပျိုးမှု၊ ငဝန်မြစ်နှင့် ပုသိမ်-မုံရွာကားလမ်းအတွင်း ရေနစ်မြုပ်သည့်လယ်မြေများ၌ ရေနက်စပါး ရတနာဝင်းစိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက ဒေသ၏ စီးပွားရေးသည် စိုက်ပျိုးရေးဖြစ်၍ နှစ်သီးစားမှ သုံးသီးစား စိုက်ပျိုးနိုင်အောင် ရေနစ်မြုပ်သည့် လယ်မြေများတွင် အထွက်နှုန်း သင့်တင့်ကောင်းမွန်သော ရတနာဝင်းရေနက်စပါး စိုက်ပျိုးကာ မျိုးပွားဆောင်ရွက်ရေး၊ ဘက်စုံအသုံးပြုနိုင်သော ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုတွင် ရှင်သန်ဖြစ်ထွန်းအောင် ဂရုပြုရေး၊ ဒေသအတွင်း ဆီဖူလုံမှုရှိအောင် ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး တို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များ ဖြန့်ဝေပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူးသည် တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကွင်းကောက်မြို့ နယ်မြေခံတပ်၏ စိုက်ခင်းအမှတ်(၃) ခြံစည်းရိုးကြက်ဆူ ၁၅ ဧက ရှင်သန်ဖြစ်ထွန်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံ၍ တပ်ရင်းတပ်ဖွဲ့များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများတိုးချဲ့ စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် အင်္ဂပူမြို့နယ် ဇီးပင်ကွင်းကျေးရွာ ခြံစည်းရိုးကြက်ဆူ ၁၀ ဧက စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်းက ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ဌာနဆိုင်ရာလူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ ပျိုးကိုင်းနှင့် ပျိုးပင်များအားပေးအပ်ကာ တိုင်းမှူးက ပျိုးပင်များကို စတင် စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးရှိ မမြရေလှောင်တမံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တည်ဆောက်ရေး(၉)ခုမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က တမံမြေကြီးလုပ်ငန်းနှင့် ဆည်အတွင်း ရေစီးဝင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဆည်ရေသောက် ဧရိယာများတွင် နွေစပါး စိုက်ပျိုးရိတ်သိမ်းမှုနှင့် သုံးသီးစား စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် ရေပိုလွှဲလုပ်ငန်းအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုအခြေအနေမှု အခြေအနေနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကြံခင်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ ဒေသခံများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။ ထို့နောက် တိုင်းမှူးသည် ကြံခင်းမြို့နယ် ဘက်ရဲလမ်းဆုံအနီး ဇီးပင်ကွင်း ကျေးရွာအုပ်စု ကွင်းအမှတ် ၇၀ ၌ တောင်သူ ဦးဝင်းဇော်၏ လယ်မြေ၌ တစ်မိုးနှစ်သီး ထွန်းသီရိမျိုး တိုက်ရိုက်အစေ့ချ စိုက်ပျိုးနေမှုနှင့် မြေပြုပြင် ထွန်ယက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကြံခင်းမြို့ ရောဦးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က မြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၆)လမ်းနေ ဦးခင်မောင်လေး-ဒေါက်တာလှလှမြင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

စစ်ဆေးကြည့်ရှု

မေ ၂၃ရက်က ခရမ်းမြို့ ပြည်တော်သာ ကန်အနီး လေးလက်မ စက်ရေတွင်း တူးဖော်မှုကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ ခရမ်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခိုင်မြင့်တို့က ရှင်းလင်းတင်ပြစဉ်။ (၅၂၉)

မြန်မာ့သစ်လုပ်ငန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် မြန်မာ့သစ်လုပ်ငန်း၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း စွမ်းစွမ်းတမံကြိုးစားခဲ့ကြသည့် ဌာနများအား ဆုချီးမြှင့်စဉ်။ (သစ်တောရေးရာ)

ရန်ကုန် မေ ၂၇

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပသော သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု သုံးသပ်ပွဲနှင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ရည်မှန်းချက် တာဝန်များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း စွမ်းစွမ်းတမံ ကြိုးစားခဲ့ကြသည့် သစ်ထုတ်ရေးဒေသသုံးခုနှင့် ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန သုံးခုတို့အား ဆုများ ချီးမြှင့်သည်။ ထို့နောက် ဆုရရှိသူများ ကိုယ်စား သစ်ထုတ်ရေးဌာန အထွေထွေမန်နေဂျာ ဦးဝင်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းဖွံ့ဖြိုးရေးအလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၂၇

တာမွေမြို့နယ် မအူကုန်းရပ်ကွက် အမက(၈) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စေတနာအလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲကို မေ ၂၄ရက်က အဆိုပါ ကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မအူကုန်းရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငွေနှင့် ဆရာမများ၊ ရပ်ကွက် NGOအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းက အမှာစကားပြောကြားပြီး **(ယာပုံ)** အလှူရှင်များအား တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ ကျောင်းအုပ်ဆရာမကြီးက ကျောင်းအတွက် ကျပ် ၂၂သိန်းအကုန်အကျခံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းကြသည့် အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားသည်။ (ဝ၈)

တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၂၇

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ် (၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် အနော်ရထာလမ်းမကြီးနှင့် ရိုးကြီးရွာ အဝင်လမ်းထောင့်ရှိ အဆိုပါဆိုင်ရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးသိန်းဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့ ဖြည့်တင်းလျက်ရှိသော မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားကြသည်။

လျှင်မြန်အဆင်ပြေ

ရန်ကုန်မြို့အတွင်း ယခုကဲ့သို့ စက်စွမ်းရည် ပိုမိုမြင့်မားပြီး ခေတ်မီလုံခြုံစိတ်ချရသောသဘာဝဓာတ်ငွေ့အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအနေဖြင့် ဓာတ်ငွေ့ဖြည့်တင်းရာတွင် ပိုမိုလျင်မြန်အဆင်ပြေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ အရောင်းဆိုင် အမှတ် (၀၂၆)တွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (စွမ်းအင်)

နောင်ချိုမြို့နယ် အုမ္မသီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် မေ ၂၃ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ်အတွင်း ထောက်ပံ့လှူဒါန်းသည့် ကျောင်းဆောင်(၁၀၀)မြောက် လွှဲပြောင်းပေးအပ်သော အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ် အုမ္မသီး ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့် တာဝန်ရှိသူများ၊ အလှူရှင် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေးဆာဆာကာဝါ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ နိုဘူတာကာအိုဒါနီနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်အား အလှူရှင် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ရိုဟေးဆာဆာကာဝါနှင့် ကျောင်းဆောင်သစ် ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** နိပ္ပွန်ဖောင်ဒေး ရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ နိုဘူတာကာအိုဒါနီနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေတို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် ကျောင်းဆောင်သစ် ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖ တစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ကျောင်းဆောင်သစ် ဖြစ်မြောက်ရေး ကော်မတီမှ ကျောင်းဆောင် တည်ဆောက်ရေးဆိုင်ရာ စာရွက်စာတမ်းများကိုလည်းကောင်း၊အလှူရှင်တို့ကကျောင်းသုံးပစ္စည်းများကိုလည်းကောင်း၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကကျောင်းဝတ်စုံနှင့်ပညာသင်ကြားရေး အထောက်အကူပြု ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံကြသည်။

ကျောင်းဆောင် (၁၀၀)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ခုနှစ် မေအတွင်း ရှမ်းပြည်နယ်၌ အခြေခံပညာကျောင်းဆောင် (၁၀၀)ဆောက်လုပ်ခဲ့ပြီး စီမံကိန်းကုန်ကျငွေ အမေရိကန်ဒေါ်လာသုံးသန်းကို နိပ္ပွန်ဖောင်ဒေးရှင်းက ကျခံဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအနက် အသက်အကြီးဆုံးဖြစ်သော အသက် (၁၀၅)နှစ်အရွယ်ရှိ အဘွားဒေါ်အေးမေ။ (ဘိုးဘွားရိပ်သာ)

အသက်(၁၀၅)နှစ်ရှိ အဘွားမွေးနေ့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပမည်

ရန်ကုန် မေ ၂၇

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိနှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ စောင့်ရှောက်ထားသော အသက်(၇၀)နှင့်အထက် အဘိုး၊ အဘွား ၂၄၀အနက် အသက်အကြီးဆုံး အဘွားဒေါ်အေးမေ(ရွှေဘိုမြို့ဇာတိ)၏ အသက်(၁၀၅)နှစ်ပြည့် မွေးနေ့မင်္ဂလာ အခမ်းအနားကိုဇွန် ၁ရက်(သောကြာနေ့) နံနက် ၈နာရီတွင် နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခမ်းမှာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါမွေးနေ့တွင် အဘွားဒေါ်အေးမေက သံဃာတော်များအား လှူဖွယ်ဝတ္ထုများလှူဒါန်း၍ အဘိုး၊ အဘွားများအား တစ်နေ့တာ ကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။

ဘွားအေးမေ၏ (၁၀၅)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားတွင် လှူဒါန်းလိုသော စေတနာရှင်များ လာရောက်ဂါရဝပြုလှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၅-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	(၂၄)ပစ္စည်းပဋ္ဌာန်းဒေသနာ တရားတော် အပိုင်း(၇) (ဓမ္မဒူတအရှင်ဆေကိန္ဒ)
၇း၀၅	နိုင်ငံခြားဝင်ငွေတိုးစေဖို့ စွမ်းအားအပြည့်သုံးကြစို့
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ(ဥက္ကာမင်းမောင်နှင့် တွေ့ဆုံခြင်း)
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	HOTEL GUIDE (Hotel Nikko)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ကိတ်မုန့်ပေါ်က အနုလက်ရာ
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (သောင်းပြောင်းထွေလာ ကျန်းမာရေးပြဿနာများ) (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ပျော်ရွှင်မှုကို ခံစားစေမည့် ဘက်စုံကစားကွင်းဆီ
၁၁း၂၀	မိုးလေဝသခန့်မှန်းချက်
၁၁း၂၅	စက်မှုဖွံ့ဖြိုးတို့တိုင်းပြည်အကျိုး [ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး] [ဒါရိုက်တာ-တင်အောင်ရွှေ(သုတေသီ)]
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၅	ကလသာပူရ၏ နှလုံးသားပွဲတင်သံ
၁၂း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၃၀	အမျိုးသမီးရုပ်သေးကြိုးဆွဲ ပညာရှင်နှင့်တွေ့ဆုံခြင်း
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်

ရန်ကုန် မေ ၂၇

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေး ကော်မတီဝင်များသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ တပ်မတော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲခြင်း စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပ်မတ်ကြသည်။ (သတင်းစဉ်)

မူးယစ်

ကင်းစင်

အလှဆင်

ပုပ္ပား(၂)မိုးကုတ်ရိပ်သာ ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် မေ ၂၇

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက်၊ ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု (၁၅၁)ကြိမ်မြောက် တရားစခန်းကို ယောဂီများ နယုန်လပြည့်ကျော် ၃ရက် ဇွန် ၂ရက် စနေနေ့ညနေအရောက် လာကြရန်နှင့် ယင်းတရားစခန်းပွဲ၌ ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ဆရာတော် ဘဒ္ဒန္တ သောဘန(ဓမ္မာစရိယ-LL.B)၊ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား(၃) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားကြမည်ဖြစ်၍ ယောဂီများ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ်စာရင်းပေးနိုင် ကြောင်းသိရသည်။ (က-ပ)

* ရှေ့ဖုံးမှ

ကြည့်ရှုစစ်ဆေးကာ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါမြို့ ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်ပြီး ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့ချ ပျိုးထောင်ပေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူ မျိုးစေ့ချပျိုးထောင်နေမှုများကို ကြည့်ရှုအားပေးသည်။

ထောက်ပံ့ငွေပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါမြို့ ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ဒေါက်တာ ဝင်းရွှေဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း အမျိုးသားလူနာဆောင်၊ သားဖွားလူနာဆောင်နှင့် အမျိုးသမီးလူနာဆောင်များမှ လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခုတင် (၁၀၀)ဆံ့ တိုးချဲ့ နှစ်ထပ်လူနာဆောင် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအုပ်ဒေါက်တာဝင်းရွှေဝင်းက တိုးချဲ့နှစ်ထပ် လူနာဆောင်ဆောက်လုပ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ ဆေးပစ္စည်းသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ရိုက်ခန်းနှင့် သွားဆေးခန်းရှိ သွားစိုက်ခုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

လိုက်လံရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါမြို့ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိကြပြီး ရောင်းချမှုအခြေအနေနှင့် အရောင်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြရာ ဆိုင်တာဝန်ခံက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားသည်။ ရှေးဦးစွာ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်းကြူက ဂန့်ဂေါခရိုင်၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဂန့်ဂေါ၊ ဆော၊ ကျောက်ထုမြို့နယ် ဥက္ကဋ္ဌများက မြို့နယ်အလိုက် အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်လျှပ်စစ် မန်နေဂျာ ဦးခွန်ရုံက မြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုကိုလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခင်မောင်မြင့်က ဆက်သွယ်ရေး အော်တိုဖုန်းများ ရရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ချင်းပြည်နယ် လက်ဖက်ပြခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဂန့်ဂေါမြို့နယ်သည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသနှင့် ချင်းပြည်နယ်တို့ ဆက်စပ်ထားသည့် လမ်းပိုင်းများကြောင့် အချက်အချာကျပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်ရရှိလာပြီဖြစ်ကြောင်း၊ တစ်ချိန်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သော်လည်း ယခုအခါ ဒေသအတွင်း ကူးသန်းသွားလာမှု အဆင်ပြေချောမွေ့သွားပြီဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး စသည့်ကဏ္ဍများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသဝမ်းစာ ဖူလုံရေးတွင် စပါးနှင့် ရာသီသီးနှံများအပြင် ဝင်ငွေရရှိသော ရော်ဘာ၊ ထောပတ်၊ သရက်နှင့် ပိန္နဲ စသည့် နှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးရေး၊ ခြံစည်းရိုးကြက်ဆူကို လျာထားသတ်မှတ်ချက်များ ပြည့်မီကျော်လွန်အောင် တိုးချဲ့စိုက်ပျိုးရေးတို့ကို ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ မိမိဒေသ ဆက်လက်ဖွံ့ဖြိုး စည်ပင်လာစေရေးအတွက် ဒေသအာဏာပိုင်အဖွဲ့ အဆင့်ဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဂန့်ဂေါခရိုင်တွင် စိုက်ပျိုးမြေ စုစုပေါင်းမှာ၁၅၄၇၇၆ ဧကဖြစ်သည်။ ၂၀၀၇–၂၀၀၈ခုနှစ် မိုးစပါး လျာထားချက်မှာ ဧက ၁၀၄၆၉၀ ဖြစ်ပြီး တိုးချဲ့စိုက်ပျိုးရန် လျာထားချက်မှာ ၁၈၅ ဧကဖြစ်သည်။ ၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူ ပျိုးထောင် စိုက်ပျိုးပြီးစီးမှုမှာ စုစုပေါင်း ၃၂၁၀ ဒသမ ၂၅ ဧကဖြစ်ပြီး အခြားသီးနှံ သရက်၊ ပိန္နဲ၊ တည်း၊ ရှောက်မျိုးနွယ် အပင်စုစုပေါင်း ၉၀၄၂ ပင် စိုက်ပျိုးထားကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါ–ဟားခါးလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် မြစ်သာမြစ်ကူး(စိုင်ဒူး) တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဟားခါး သစ်ထုတ်လုပ်ရေးနယ် စခန်းရှုရပ်မှ စိုင်းဒူးတံတားနှင့် မြစ်သာမြစ်ရေစီးရေလာ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား တံတားကြီး ရေရှည်ကြံ့ခိုင်မှုအတွက် အစဉ်တစိုက် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စခန်းရှင်းလင်းဆောင်၌ ချင်းပြည်နယ် သစ်ထုတ်လုပ်ရေးဒေသ ဟားခါး သစ်ထုတ်လုပ်ရေးနယ်၏ သစ်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ စခန်းတာဝန်ခံ ဦးအောင်ဝင်းစိုးက ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်းပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါ–ကလေး–ဟားခါး လမ်းဆုံသို့ ရောက်ရှိကြပြီး လမ်းသားချဲ့ခြင်း ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် ၁၂၀နှင့် ၁၂၆အကြား၌ စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မကွေးတိုင်း ဂန့်ဂေါမြို့နယ်အဆုံး ဟားခါးမြို့နယ်အစ နယ်စပ်မိုင်တိုင် (၁၂၆/၇)သို့ ရောက်ရှိကြပြီး လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး–ဂန့်ဂေါလမ်း မိုင်တိုင် ၆၆ နှင့် ၆၇ ကြား၌ စက်ယန္တရားကြီးများဖြင့် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးစိုးအောင်က လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဘုံဖုံးရွာအနီး မိုင်တိုင် (၆၅/၀)သို့ ရောက်ရှိကြရာ ဘုံဖုံးရွာသူ၊ ရွာသားများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသ၏စီးပွားရေးလုပ်ငန်း အခြေအနေများကို မေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)က တာဝန်ယူဆောင်ရွက်လျက်ရှိသော ဟားခါး–ဂန့်ဂေါလမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးငွန်ဆန်းအောင်က ကတ္တရာလမ်းနှင့် ကျောက်လမ်း ခင်းကျင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်မီပြီးစီးရေး မှာကြားသည်။

အဆိုပါ ဟားခါး–ဂန့်ဂေါလမ်းသည် ကလေးလမ်းဆုံမှ ၇၇ မိုင် နှစ်ဖာလုံရှိပြီး ကတ္တရာလမ်း ၁၃ မိုင် သုံးဖာလုံနှင့် ကျောက်လမ်း ၅၇ မိုင် တစ်ဖာလုံဖြစ်ပြီး လမ်းသားချဲ့ထွင်လျက်ရှိရာ လမ်းတာချဲ့ခြင်း ၁၈ မိုင် နှစ်ဖာလုံ ပြီးစီးလျက်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ကုန်းမြင့်ဒေသ လယ်ယာဖော်ထုတ်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရနိုင်သမျှ မြေယာများ ဖော်ထုတ်ပြီး တိုးတက်ဆောင်ရွက်သွားကြရန်နှင့် တောင်သူများ၏ မြေယာဖော်ထုတ်မှုများတွင်လည်း ဌာနဆိုင်ရာက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးကြရန် မှာကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖော်ထုတ်ထားသည့် ကုန်းမြင့်လယ်ယာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

သီးနှံများကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဂန့်ဂေါ–ဟားခါးလမ်းတစ်လျှောက် လမ်းတာချဲ့ခြင်းနှင့် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၃၈/၄)ရှိ လုံကြွေးရွာသို့ ရောက်ရှိကြပြီး ရွာအနီးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ဖြစ်ထွန်းနေသော သီးနှံများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၄၂/၄)သို့ ရောက်ရှိကြပြီး စက်ယန္တရားများဖြင့် လမ်းသားချဲ့ခြင်း လုပ်ငန်းနှင့် ကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၃၉/၀) လန်သုတ်ရွာရှိ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၁၂)၏ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပြည်နယ်အင်ဂျင်နီယာမှူး ဦးငွန်ဆန်းအောင်က ဂန့်ဂေါ–ဟားခါးလမ်း တိုးချဲ့ဖောက်လုပ် ပြုပြင်ခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လုပ်ငန်းများ သတ်မှတ်ချိန်မီ ပြီးစီးရန် အရှိန်အဟုန်မြင့် ဆောင်ရွက်ရေးနှင့် သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ရေးမှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၂၈/၂)သို့ ရောက်ရှိကြရာ ဖိုးခွားရွာသူ၊ ရွာသားများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ တောင်စောင်းများ၌ လှေကားထစ် လယ်ယာစိုက်ပျိုးရေး မှာကြားသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၁၇/၅)၌ စက်ယန္တရားများဖြင့် လမ်းသားတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့အဝင် မိုင်တိုင် (၃/၃)သို့ ရောက်ရှိကြပြီး ရှုရပ်မှ ဟားခါးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး မြို့တွင်းသွားလမ်းတစ်လျှောက် ဟားခါးမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကျောဘုတ်ခြံသို့ ရောက်ရှိကြပြီး ပြည်နယ်မန်နေဂျာ ဦးအေးကိုကိုနှင့် ခြံမန်နေဂျာ ဦးယုဒသန်တို့က သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့် ခြံ၏ဧရိယာနှင့် မြေယာအသုံးချမှုအခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောဘုတ်ခြံအတွင်း လက်ဖက်စိုက်ခင်းသို့ ရောက်ရှိကြပြီး လက်ဖက်ခူးနေမှုကို ကြည့်ရှုစစ်ဆေးကာ လက်ဖက်ပျိုးဥယျာဉ် (၁)၊ (၂)နှင့် အခြားသီးနှံ မြေထောင်ပဲ သီးထပ်စိုက်ခင်း၊ ရာသီသီးနှံ မုန်လာထုပ် စိုက်ခင်း၊ စပျစ်စမ်းသပ်စိုက်ခင်း၊ လက်ဖက်ကိုင်းထိုးပျိုးခင်း၊ လက်ဖက်ပျိုးကိုင်းနှင့် လက်ဖက်ပျိုးပင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အောက်ချင်းမောင်နံ့ လက်ဖက်ခြောက်စက်ရုံသို့ ရောက်ရှိကြပြီး စက်ရုံအတွင်းခူးဆွတ်ပြီး လက်ဖက်ရွက်မှ လက်ဖက်ခြောက် ကုန်ချော အဆင့်အထိ လုပ်ငန်း ဆောင်ရွက်ပုံ အဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဌာနဆိုင်ရာများနှင့် တောင်သူများသည် စိုက်နိုင်သမျှ မြေကွက်လပ်များ၌ လက်ဖက်ပင်ကို များများစိုက်ပြီး ရရှိသည့် လက်ဖက်ခြောက်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ဈေးကွက်ရှာဖွေဆောင်ရွက်ကြရေး မှာကြားသည်။ အဆိုပါ လက်ဖက်ခြောက်စက်ရုံမှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ချင်းပြည်နယ်တွင် လက်ဖက်များ စိုက်ပျိုးခဲ့ပြီး လက်ဖက်ခြောက် ထုတ်လုပ်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ ချင်းပြည်နယ် လက်ဖက်ပြခန်းသို့ရောက်ရှိကြပြီး ပြခန်းအတွင်း ပြသထားသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် လက်ဖက်စိုက်ပျိုးမှု အခြေအနေနှင့် အောင်မြင်ဖြစ်ထွန်းနေသော လက်ဖက်ပျိုးခင်း အခြေအနေ ပြကွက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေ ၅ နာရီခွဲတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက မိမိတို့ခရိုင်နှင့် မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းဦးတို့က ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ယခင်ခရီးစဉ် မှာကြားချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မြို့မိမြို့ဖများကိုယ်စား မြို့မိမြို့ဖ ဦးထမ်းမန်းက ဟားခါးမြို့၏ လိုအပ်ချက်များကို တင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ချင်းပြည်နယ် ဒေသဝမ်းစာ ဖူလုံရေးအတွက် မျိုးကောင်းရွေးရင်အေးစပါး ပြောင်းလဲစိုက်ပျိုးဆောင်ရွက်မှုအခြေအနေ၊ နှစ်ရှည်သီးနှံ လက်ဖက်တိုးချဲ့စိုက်ပျိုးရေး၊ ခြံစည်းရိုးကြက်ဆူ ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်သွားရေးအစီအစဉ်၊ ရွှေ့ပြောင်းတောင်ယာကို ကုန်းမြင့်လယ်ယာအဖြစ် ပြောင်းလဲတိုးချဲ့ဆောင်ရွက်မှု၊ နွားနောက်မွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့အောင်ဆောင်ရွက်မှု အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ချမှတ်ထားသည့်ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများဖြင့် ပြောင်းလဲစိုက်ပျိုးသွားကြရေး၊ ခြံစည်းရိုးကြက်ဆူကို သတ်မှတ်ထားသည့် ဧကေါးသိန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးနှင့် စိုက်ပျိုးပြီး အပင်များ ရှင်သန်ဖြစ်ထွန်း အောင်မြင်အောင် အလေးထား ဆောင်ရွက်ကြရေး၊ အထူးသဖြင့် "ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ် ဖြစ်ရမည်" ဟူသော ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်ကသတ်မှတ်ထားသည့်လက်ဖက် ဧကတစ်သိန်း ပြည့်မီအောင် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက မြေလွတ်မြေလပ်များ ဖော်ထုတ်စိုက်ပျိုးကြရေးနှင့် လက်ဖက်စိုက်ပျိုးမှုအရှိန်ရသည်နှင့်အမျှ လက်ဖက်ခြောက် စက်ရုံ စတင်လည်ပတ်၍ ကုန်ထုတ်လုပ်မှု စတင်လာပြီဖြစ်ကြောင်း၊ လက်ဖက်စိုက်ပျိုးမှုကို ဒေသ၏ အားထားရသော စီးပွားရေးလုပ်ငန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဖော်ထုတ်သွားကြရေးကို တိုက်တွန်းပြောကြားလိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါအား လည်းကောင်း၊ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စွမ်ရက်အားလည်းကောင်း၊ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင် ဦးထန်ကျုံးအား လည်းကောင်း၊ ချင်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းခလိုင်လျံအားလည်းကောင်း၊ ချင်းပြည်နယ်မီးသတ်တပ်ဖွဲ့နှင့်ကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များအားလည်းကောင်း ထောက်ပံ့ငွေများပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ဆောင်ပစ္စည်းများကို ချင်းတိုင်းရင်းသားခေါင်းဆောင် ဦးထမ်းမန်းအားလည်းကောင်း၊ ပညာရေးဌာနနှင့်အားကစားဌာနတို့မှ ကိုယ်စားလှယ်များအားလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများအားဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များက ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ဧည့်ရိပ်သာ၌ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်မြင်ရေးနှင့်ပတ်သက်၍ မှာကြားရာတွင် နိုင်ငံတော်က သတ်မှတ်ပေးထားသည့် စီမံကိန်းရည်မှန်းချက်များ ထိရောက်အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ ဒေသဝမ်းစာ ဖူလုံရေးအတွက် နွေစပါး၊ မိုးစပါးတိုးချဲ့စိုက်ပျိုးရေး၊ နှစ်ရှည်သီးနှံများနှင့် ခြံစည်းရိုးကြက်ဆူကို ပြည့်ဝအောင်မြင်အောင် စိုက်ပျိုးရေး၊ လက်ဖက်တိုးချဲ့စိုက်ပျိုးရေးနှင့် လက်ဖက်စက်ရုံများ တိုးချဲ့တည်ဆောက်ပေးရေး၊ ဒေသခံပြည်သူများ လက်ဖက်ခြောက်၊ လက်ဖက်စိုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာရေးအတွက် အသေးစိတ် ထပ်မံညှိနှိုင်းဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

➪ ၂၀၀၈ခုနှစ်မှ

မှုအားနည်းသည့်အတွက် ယခုနှစ်တွင် ပိုမိုကြိုးပမ်း အစားထိုးစိုက်ပျိုးရန်လိုကြောင်း၊ မိမိတို့တာဝန်ရှိသူများဘက်ကလည်း လိုအပ်သည့်ဖြည့်ဆည်းမှုများ ပံ့ပိုးပေးမှာဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ခြံစည်းရိုးကြက်ဆူပျိုးပင်အား ဌာနဆိုင်ရာများကိုယ်စား မြို့နယ်ဥပဒေအရာရှိ ဦးအောင်မြင့်ထံ ပေးအပ်သည်။ ဆက်လက်၍တပ်ကုန်းတပ်နယ်မှူး ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခြံစည်းရိုးကြက်ဆူပျိုးပင်များအား သက်ဆိုင်ရာကိုယ်စားလှယ်များထံသို့ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များအား စိုက်ပျိုးပေးကြပြီး ခြံစည်းရိုးကြက်ဆူစိုက်ခင်းနှင့် ကြက်ဆူကိုင်းကူး ပျိုးထောင်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တပ်ကုန်းမြို့နယ်သည် ယခုနှစ်တွင် ကြက်ဆူ ၁၁၁၄၉ဧက စိုက်ပျိုးရန် လျာထားပြီး ဧက ၉၇၀ စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် တောင်သူဦးကျော်သန်း၏ နွေစပါးစိုက်ကွင်းအမှတ် ၁၃၁၈သို့ ရောက်ရှိကြပြီး စပါးရိတ်စက်ဖြင့် နွေစပါးရိတ်သိမ်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းမှူးနှင့်အဖွဲ့အား စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စုပေါင်းစပါးရိတ်သိမ်း ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစိုက်ကွင်းတွင် မနောသုခစပါးမျိုးကို စိုက်ပျိုးထားရှိပြီး တစ်ဧကလျှင် စပါးတင်း ၁၂၀ ကျော်ထွက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ ဗဟိုအလုပ်အမှုဆောင်မှ

စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်၁၆၃သိန်းဖြင့်ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။

ကျောက်ချောလမ်း ပြီးစီးသွား၍ ကျောင်းကုန်း–ကျုံပျော်လမ်းမကြီးသို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်၍ ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာအုပ်စုရှိ ဝက်ချောင်း–ရွှေလှေကြီး–ရွှေလှေလေး–ထမင်းဆုပ်ကုန်းကျေးရွာများမှ အိမ်ခြေ ၄၈၄ အိမ်၊ အိမ်ထောင်စု၄၈၉စု၊ လူဦးရေ ၂၂၇၂ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးတို့အတွက် လွယ်ကူလျင်မြန်စွာ ဆက်သွယ် သွားလာနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ရေကြည်မြို့နယ်စည်ခွကျေးရွာအလယ်တန်းကျောင်းခွဲ ခန်းမ၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံရာ ကျေးရွာများမှ တာဝန်ရှိသူများ၏ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ရေကြည်မြို့နယ် ချင်းကုန်း – ချောင်းဖျား – ငပိဆိပ်ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရေကြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်က လမ်းသစ်နှင့်ပတ်သက်သည့်အချက်အလက်များအား ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာမောင်မောင်တိုးက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ကျောက်ချောလမ်းသစ်ကို ရေကြည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ဝေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်တင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည်လမ်းသစ်အားလှည့်လည်ကြည့်ရှုသည်။ အဆိုပါ ကျောက်ချောလမ်းသည် အရှည်ပေ၈၂၁၀၊ အကျယ် ၁၀ပေရှိပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သိန်း၂၀၀ဖြင့် ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။

ကျောက်ချောလမ်း ပြီးစီးသဖြင့် ရေကြည်မြို့နယ်အတွင်းရှိ ရေအိုး၊ ချင်းကုန်း၊ ချောင်းဖျား၊ ငပိဆိပ်ကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း ၂၄ရွာ၊ အိမ်ထောင်စုပေါင်း၁၀၅၂စုမှ လူဦးရေ ၅၇၈၉ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး တို့အတွက် လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျုံပျော်မြို့ မင်္ဂလာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းက လမ်းနှင့်ပတ်သက်သောအချက်အလက်များအား ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဉာဏ်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် လမ်းသစ်အား ကျုံပျော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်မင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်အား လှည့်လည်ကြည့်ရှုသည်။ အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၅၄၅၀၊ အကျယ်၁၂ပေရှိပြီး စည်ပင်သာယာရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ်သိန်း၂၀၀ဖြင့် ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်ခဲ့သောလမ်းဖြစ်သည်။ လမ်းပြီးစီးသွားသဖြင့် ကျုံပျော်မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စု ခုနစ်စုဖြစ်သည့် ရွာသစ်၊ ပျဉ်ချဆိပ်၊ သောင်ရွာ၊ ညောင်ပင်ဆိပ်၊ ပျဉ်းမပင်လှ၊ ကုန်းသာကြီး၊ ကျုံမရမ်း ကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း၄၀၊ အိမ်ခြေ ၂၈၃၂ အိမ်၊ အိမ်ထောင်စု၂၉၆၂စုမှ လူဦးရေ ၁၂၅၂၇ဦးအတွက် သွားလာရေး လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဟင်္သာတမြို့သို့ ရောက်ရှိပြီး ဟင်္သာတခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး အသင်းကြီး၏ ရည်ရွယ်ချက်များ၊ စည်းရုံးရေး၊ လူမှုရေးနှင့်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုတို့ကို အကျယ်တဝင့် ရှင်းလင်း မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ အလုပ်တာဝန်ကြိုးစားရေး၊ စည်းလုံးညီညွတ်ရေးနှင့် ပြည်သူနှင့် တစ်သားတည်း ရှိစေရေး စသည်ဖြင့် အကျယ်တဝင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ NLD မှ

နုတ်ထွက်လွှာ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီ၏ တိုင်းပြည်အတွက် အကျိုးမပြုသော လုပ်ဆောင်ချက်များကို စိတ်ဝင်စားမှု မရှိတော့ကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်တို့အပေါ်တွင်လည်း ယုံကြည်မှုမရှိတော့သဖြင့် ၎င်းတို့၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

ကမ္ဘောဇအရှင်လက္ခဏာ တရားစခန်းပွဲ

ရန်ကုန် မေ ၂၇

ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မိုးကုတ်ဝိပဿနာ ဇနိတာရာမရိပ်သာ ဆရာတော်ကြီးနှင့် အေးရွာ ဘုန်းတော်ကြီးကျောင်း၏ ပဓာနနာယက ဆရာတော်တို့အား အမှူးထား၍ ရောဝတီတိုင်း ဇလွန်မြို့နယ် အေးရွာဘုန်းတော်ကြီးကျောင်းတွင် မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို ဇွန် ၅ ရက်မှ ၁၁ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မိုးမိတ်ကျောင်း မိုးကုတ်ဓမ္မကထိက အရှင်လက္ခဏ (ဓမ္မာစရိယ) BST (Dip) B.A (Geog)ပအိုဝ်းဆရာတော်ကကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။

(က–ပ)

မဟာဓမ္မရံသီအိမ်တော်ရာစေတီ ရေစက်ချအလှူတော်မင်္ဂလာ ကျင်းပမည်

ရန်ကုန် မေ ၂၇

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အိမ်တော်ရာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူးဆောင်ရွက်ခဲ့သည့် စေတီတော်ရွှေမျက်ပါးသင်္ကန်း ဆက်ကပ်လှူဒါန်းမှု စုပေါင်းရေစက်ချ အလှူတော်မင်္ဂလာကို ရင်ပြင်တော် သာသနာ့ရံသီသိမ်တော်ကြီး၌ နယုန်လပြည့်နေ့ (မေ ၃၀ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၇နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်ရေစက်ချလှူဒါန်းနိုင်ရန် ဖိတ်ကြားထားကြောင်းနှင့် ဂေါပကအဖွဲ့ရုံး ဖုန်း–၃၈၃၇၉၄ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထေရဝါဒဓမ္မဝိသောဒနီ သိမ်တော်ကြီး တည်ဆောက်ရေး ငွေလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက် သခင်အုန်းဖေကြီးလမ်းရှိ ထေရဝါဒ ဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက် အတွင်း ထေရဝါဒဓမ္မဝိသောဒနီ သိမ်တော်ကြီး ဆောက်လုပ်ရန်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူတော်ငွေများ လက်ခံသည်။

(အပေါ်ပုံ)

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ယောဆရာတော် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ ပရိသတ်များက ပရိတ်တရားတော်များ နာယူကြပြီး ထေရဝါဒ ဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်ဝေယျာဝစ္စအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်က ထေရဝါဒဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက် သမိုင်းအကျဉ်းနှင့် စာသင်တိုက်အတွင်း တည်ဆောက်မည့် ထေရဝါဒ ဓမ္မဝိသောဒနီ သိမ်တော်ကြီးနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အဖွဲ့ဝင်များ၊ ဝေယျာဝစ္စအဖွဲ့နာယကများနှင့် အမှုဆောင်များက ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ထေရဝါဒဓမ္မဝိသောဒနီသိမ်တော်ကြီး ဆောက်လုပ်ရန်အတွက် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ တာဝန်ရှိသူများ၊ ဝေယျာဝစ္စအဖွဲ့ နာယကများနှင့် အမှုဆောင်များက လက်ခံကြသည်။

ထို့နောက် ယောဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသက ဩဝါဒကထာ ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈–၅–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀	၈။	International News.
၈:၄၅	၉။	Granmar Made Easy.
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	တေးဂီတအစီအစဉ်
၄:၄၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄:၅၅	၅။	အကပဒေသာ
၅:၁၀	၆။	မြန်မာစာ၊ မြန်မာစကား
၅:၂၀	၇။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၃၀	၈။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၅:၄၅	၉။	**"မြူတိမ်ကင်းသောနေ့" (ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ပုလဲဝင်း) (ဒါရိုက်တာ–သိန်းဟန်–ဖီးနစ်)**
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၃၀	၁၁။	မိုးလေဝသအခြေအနေ
၆:၃၅	၁၂။	အလှရှာမယ်လှကမ္ဘာဝယ်
၇:၀၀	၁၃။	**"အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း" (အာဆီယံယဉ်ကျေးမှု၊ ပြန်ကြားရေးကော်မတီနှင့် မြန်မာနိုင်ငံ)**
၇:၂၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သန်းတစ်ရာရွှေအိပ်မက်" (အပိုင်း–၂)**
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ဒုတိယချစ်ပုံပြင်" (အပိုင်း–၁၃)**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဓာတ်အားကွပ်ကဲရေးဌာန ရန်ကုန် ကွန်ကရစ်ကျောက်တိုင်လုပ်ငန်း စက်ရုံနှင့် လှိုင်သာယာ ပင်မဓာတ်အားခွဲရုံ(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၇

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၂၄ ရက်တွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ရှိ ဓာတ်အားကွပ်ကဲရေးဌာန (Load Dispatch Centre)သို့ရောက်ရှိရာ အင်ဂျင်နီယာချုပ် ဦးတင်မောင်ထွန်း(ဓာတ်အားစနစ်)က ဓာတ်အားကွပ်ကဲဖြန့်ဝေပေးနေမှု၊ နေပြည်တော်နှင့် ရန်ကုန်မြို့တော်သို့ ပို့လွှတ်သည့် ဓာတ်အားလိုင်းများ၊ လောပိတ၊ သာစည် 132 KV မဟာဓာတ်အားလိုင်း၊ လောပိတ–တောင်ငူ–လှော်ကား 230 KV မဟာဓာတ်အားလိုင်းများ၊ ပဲခူး–သထုံ မော်လမြိုင်ဓာတ်အားလိုင်း၊ ချောက်–ရန်ကုန် မဟာဓာတ်အားလိုင်းများနှင့် ဓာတ်ငွေ့သုံးစက်ရုံ အလုံ၊ ရွာမ(အင်းစိန်)တို့မှ ထုတ်လုပ်ရရှိသော ဓာတ်အားလိုင်းများ စနစ်တကျ ဖြန့်ဝေပေးနေမှု၊ လျှပ်စစ်ဓာတ်အားရရှိမှုကို Net Work စနစ်ဖြင့် ဓာတ်အားဖြန့်ဝေမှုနှင့် Siemonens Panel မှ တစ်ဆင့် Date ပို့လွှတ်ထိန်းချုပ်ဖြန့်ဝေပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်က ရန်ကုန်မြို့တော်ရှိ သာကေတနှင့် လှော်ကားဓာတ်ငွေ့သုံးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ရရှိမှုနှင့် ဖြန့်ဝေပေးနေမှု၊ ရန်ကုန်မြို့တော်အတွင်း 66 KV ခွဲရုံများ၏ ဓာတ်အားပို့လွှတ်မှုအခြေအနေကို (LDC)စနစ်အတွင်း တိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ်ရှိ ဓာတ်အားကွပ်ကဲရေး ဌာနတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဓာတ်အားကွပ်ကဲရေးဌာနအနေဖြင့် Computer Network Control စနစ် နည်းပညာအသုံးပြု ထိန်းချုပ်ဖြန့်ဖြူးပေးနိုင်ရန်၊ နိုင်ငံတကာအဆင့်နှင့်ယှဉ်ပြီး ဓာတ်အားကွပ်ကဲ ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လက်ရှိဓာတ်အားထိန်းချုပ်ကွပ်ကဲဖြန့်ဝေ ပေးနေမှုလုပ်ငန်းအပေါ် လွှမ်းခြုံသုံးသပ်ပြီး ပိုမိုကောင်းမွန်စေရန် စီမံဆောင်ရွက်သွားကြရန်နှင့် နောင်အသစ် တိုးချဲ့ပေးလာမည့် ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားလိုင်းများအတွက်ပါ ကြိုတင်မြော်တွေးစနစ်ဖြင့် တိုးချဲ့ဖြည့်စွက်ကွပ်ကဲနိုင်ရေး စီမံဆောင်ရွက်သွားကြရန်၊ ဓာတ်အားကွပ်ကဲရေးဌာနအနေဖြင့် ရန်ကုန်မြို့တော်နှင့် နေပြည်တော်နှစ်ခုသာရှိပြီး အရေးကြီးသည့် ဌာနလုပ်ငန်းဖြစ်သည့်အတွက် အထူးဂရုစိုက် လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ စက်ပစ္စည်းများ၊ လိုင်းများကြံ့ခိုင်မှုအတွက် စစ်ဆေးပြုပြင်မှုအမြဲလုပ်ဆောင် သွားကြရန်နှင့် တာဝန်ရှိသူများကလည်း မိမိတို့ဌာန၏ လုပ်ငန်းအပေါ် အလေးအနက်ထားပြီး သတိဝီရိယရှိရှိဖြင့် စွမ်းအားမြင့်လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားပြီး ဓာတ်အားကွပ်ကဲရေးဌာန အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်ကွန်ကရစ်ကျောက်တိုင်လုပ်ငန်း စက်ရုံသို့ ရောက်ရှိကြရာ ရှင်းလင်းခန်းမ၌ စက်ရုံမှူး ဦးမင်းသော်က ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထုတ်လုပ်သည့် ကျောက်တိုင်များ ဈေးကွက်အဆင့်မီ စံချိန်စံညွှန်း အရည်အသွေးကောင်းမွန်စေရေး အလေးထားထုတ်လုပ်သွားကြရန် လိုအပ်ကြောင်း၊ မြေအနေအထား၊ လုပ်သားအင်အားနှင့် ကုန်ကြမ်းရရှိမှုအပေါ် မူတည်ပြီး လုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်သွားကြရန် မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်လုပ်သားများက ကရိန်းဝန်ချီစက်ဖြင့် ကျောက်တိုင်များ ယာဉ်ပေါ်တင်နေမှု၊ ရွှေပြည်သာမြို့နယ် ဝါးပါးရပ်ကွက်သို့ ပေးပို့မည့် 9Meter ကျောက်တိုင်များ ယာဉ်ပေါ်တင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် 33/11 KV ပင်မဓာတ်အားခွဲရုံ(၂) လှိုင်သာယာသို့ သွားရောက်ပြီး မိုးရာသီကာလအတွင်း ရေတက်ရောက်မှု အန္တရာယ် ကာကွယ်နိုင်ရေးနှင့် ခွဲရုံ Control Room ရှိ စက်မှုဇုန်များသို့ ဓာတ်အားပို့လွှတ်သည့် ထိန်းချုပ်စက် Panal Box များ ရေလွှမ်းမိုးမှု အန္တရာယ် မဖြစ်စေရေးအတွက် စီမံပြုပြင်တည်ဆောက်နေမှုများနှင့် ပင်မဓာတ်အားကြိုး မြေအောက်အဝင် Under Ground အတွင်း ရေဝင်ရောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ရာ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်က ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးအတွက် ပြုပြင်ဆောင်ရွက် နေမှုတို့ကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းဘူးမြို့ လယ်တီဝိပဿနာ တရားစခန်း

ရန်ကုန် မေ ၂၇

မင်းဘူးမြို့၊ ဓာတ်တော်ကုန်း ဘုရားကုန်းမြေ၊ လယ်တီဓမ္မဗိမာန် ဓမ္မာရုံ၌ (၄)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇွန် ၁၄ရက် (နယုန်လကွယ်နေ့)တွင် စတင်မည်ဖြစ်ရာ ရန်ကုန်မြို့ လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် နာယက ဆရာတော်များကြီးမှူးသောလယ်တီကမ္မဋ္ဌာနာ စရိယများက သင်ကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများသည် ဘုရားဂေါပကဦးဇေယျ ဖုန်း၀၆၅–၂၀၂၉၀၊ ဦးထွန်းကြည် ဖုန်း–၀၆၅–၂၁၂၅၆ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြပြီး နှစ်စဉ်နယုန်လကွယ်နေ့၊ သီတင်းကျွတ်လကွယ်နေ့၊ တပို့တွဲလကွယ်နေ့များတွင် တစ်နှစ်လျှင်သုံးကြိမ် ပုံမှန်တရားစခန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်မှ တိ=နိ အကျိုးတော်ဆောင်များနှင့် ရာသက်ပန်အဖွဲ့ဝင်များက ဒဂုံမြို့နယ် စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် ငွေကျပ်ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၃)ရပ်ကွက် မြဧယျာလမ်းနေ ကွယ်လွန်သူ မောင်တင်ဝေ အသက်(၃၅)နှစ်အား ရည်စူး၍ အစ်ကိုအစ်မများ၊ ဦးသိန်းမြင့်–ဒေါ်ငွေးငွေးဝေ မိသားစုတို့က သုံးထပ်ဘိုးဘွား ဆောင်သစ်ကြီးအတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)နှင့် အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (ရွှေသီဂိရတနာ ဓမ္မာရုံ ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ မိဘနှစ်ပါး၊ ညီမထွေးနှင့် မောင်ငယ်လေးတို့ကို ရည်စူး၍ ၅၂ လမ်း ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ကြင်တီ [အတွင်းရေးမှူး(ငြိမ်း) မြန်မာနိုင်ငံစာစစ်အဖွဲ့]နှင့် တူ ကိုသီဟဇော်တို့က ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံရယူစဉ်။ (က–ပ)

ကမ္ဘာ့လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ထွက်ခွာ

ကမ္ဘာ့သက်ငယ်တန်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလူငယ် ဂေါက်သီးရိုက်အဖွဲ့။ (ဂေါက်သီးအဖွဲ့ချုပ်)

ရန်ကုန် မေ ၂၇

၂၀၀၇ ခုနှစ် မေ ၂၉ရက်မှ ဇွန် ၁ ရက်အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် Jakarta World Junior Golf Championship ကမ္ဘာ့သက်ငယ်တန်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် အုပ်ချုပ်သူနှင့် နည်းပြအဖြစ် ဦးဆန်းထွန်း (Golf Professional)၊ အားကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ ဇွဲလင်းငွေ၊ စွမ်းသီဟအောင်၊ မေလီ၊ ယဉ်မေမျိုးနှင့် မိဘအုပ်ထိန်းသူများ အပါအဝင် ၁၃ဦးတို့ ပါဝင်သော မြန်မာဂေါက်သီးရိုက်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

စခန်းသွင်း

နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ ဖွင့်လှစ်ထားသော Han Golf Masters Academy သင်တန်းကျောင်း၌ စခန်းသွင်း လေ့ကျင့်ပေးကာ ပြုစုပျိုးထောင်ပေးထားသော လူငယ်ဂေါက်သီးရိုက် အားကစားသမားများ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈–၅–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၁၅	၁၀။	မိုးလေဝသသတင်း
၆:၂၀	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ်ရှားတယ်" (အပိုင်း–၂၂)**
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – အထူးရဲ (အပိုင်း–၁၀)**
	၁၉။	သင့်အတွက်မနက်ဖြန်
	၂၀။	အပိတ်နှုတ်ဆက်စကား
	၂၁။	ပြီးပါပြီ။

အသောကသီတဂူကျောင်းတိုက်၌ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

(၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး၌ သုတ္တန္တပိဋကသဘော ရေးဖြေအောင်မြင်တော်မူသဖြင့် ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်သိရိဒတ္တာလင်္ကာရအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် ဆရာတော် သီတင်းသုံးရန် ဆောက်လုပ်လျက်ရှိသော ပိဋကသိရီဗိမာန်တော်အတွက် ဒုတိယအကြိမ် စုပေါင်းအလှူငွေ ရေစက်ချပွဲကို သဃ်ာန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဇောတိကလမ်း အသောကသီတဂူ ပရိယတ္တိစာသင်တိုက်၌ ဇွန် ၃ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း–၅၆၂၈၂၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

လေးပွင့်ဆိုင်ခြေစမ်းပွဲပြီးစီး နောက်ဆုံးပွဲစဉ်၌ အနီရောင်အသင်းအနိုင်ရ

ရန်ကုန် မေ ၂၇

၂၀၀၇ခုနှစ်အတွင်းကျင်းပမည့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာယူ–၂၃အသင်း ရွေးချယ်ဖွဲ့စည်းရေး ကျင်းပသည့် လေးပွင့်ဆိုင်ခြေစမ်းပွဲ နောက်ဆုံးနေ့ပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက အောင်ဆန်း အားကစားပြိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ အနီရောင်အသင်းက အဝါရောင်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အနီရောင်အသင်း – သုံးဂိုး (မျိုးမင်းထွန်း–နှစ်ဂိုး၊ စည်သူသန်း–တစ်ဂိုး)

အဝါရောင်အသင်း – နှစ်ဂိုး [အောင်ကျော်မျိုးနှင့်အောင်မိုး(ပယ်နယ်တီ)]

ဒိုင်လူကြီး –ဦးကိုကိုနိုင်

အနီရောင်အသင်းမှာ အဝါရောင်အသင်းကို သုံးဂိုးပြတ်ဦးဆောင်ပြီးမှ နှစ်ဂိုးပြန်ပေးရသဖြင့် ပွတ်ကာသီကာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရှုံးပွဲမရှိသေးသော နှစ်သင်းတွေ့ဆုံကြ၍ အနိုင်ရရှိရေး ကြိုးစားယှဉ်ပြိုင်ခဲ့ရာ ပွဲမှာ အပြန်အလှန်ရှိခဲ့သည်။

အနီရောင်အသင်းအတွက် ဂိုးများကို မျိုးမင်းထွန်း ၃၇၊၇၃ မိနစ်နှင့် စည်သူသန်း ၇၇ မိနစ်တို့တွင် သွင်းယူခဲ့ပြီး အဝါရောင်အသင်းအတွက် ချေပဂိုးများကို အောင်ကျော်မျိုး မိနစ် ၈၀နှင့် အောင်မိုးက ၈၃ မိနစ်တွင် ပယ်နယ်တီမှ တစ်ဆင့်တို့ သွင်းယူခဲ့ကြသည်။

ခြေစမ်းပွဲအပြီးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အနိုင်ရရှိသွားသော အနီရောင်အသင်းအား ကျပ်သုံးသိန်း၊ အမှုဆောင်ဦးတင်အောင်(ဂိုး)က အဝါရောင်အသင်းအား ကျပ်တစ်သိန်းတို့ကိုပေးအပ်ချီးမြှင့်သည်။

အနီရောင်အသင်းတွင် ဂိုး–ကျော်ဇင်ထက်(ဟိန်းကျော်သူ)၊ နောက်တန်း–ဟန်ဝင်းအောင်၊ ဇော်ထက်အောင်၊ အေးဆန်း(ထူးကျော်)၊ ခင်မောင်လွင်၊ အလယ်တန်း–အောင်မျိုးသန့်၊ ကျော်ဌေးဦး၊ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း(ပြည့်ဖြိုးဦး)၊ ရှေ့တန်း–ရဲဝေယံစိုး(စည်သူသန်း)နှင့် ပိုင်စိုး (စိုးသီဟအောင်) တို့ ပါဝင်ကစားသည်။ အဝါရောင်အသင်းတွင် ဂိုး–အောင်အောင်ဦး(ဖြိုးမင်းမောင်)၊ နောက်တန်း–ထက်အောင်၊ ကျော်ဇေယျာမင်း၊ အောင်ဝင်းနိုင်၊ သူရအောင် (ဝင်းဇော်အောင်)၊ အလယ်တန်း–ကျော်ဇင်ဝင်း (စိုးမင်းဦး)၊ ကျော်သက်ဦး၊ တိုးမြင့်လှိုင်၊ ညီညီစိုး (အောင်မိုး)၊ ရှေ့တန်း–အောင်ကျော်မျိုးနှင့် မျိုးဇော်ဦး (အောင်မြင့်အေး)တို့ ပါဝင်ကစားသွားကြသည်။ (ကြေးမုံ)

အင်တာနက် အားကစားသတင်းများ

အာရှဖလား ဘောလုံးပြိုင်ပွဲအမီ ကာဟီးလ်ကြွခိုင်မည်ဟု မျှော်လင့်

လီဗာပူး မေ ၂၇

အဲဗာတန်အသင်းမှ တင်ကာဟီးလ်သည် အာရှဖလားဘောလုံးပြိုင်ပွဲအမီ ကြံ့ခိုင်မှုရှိလာမည်ဟု မျှော်လင့်ရကြောင်း ၎င်း၏သမားတော်ကြီးများက ယနေ့ပြောကြားသည်။

အသက် (၂၇) နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကာဟီးလ်သည် ပြီးခဲ့သည့် မတ်လက ရက်ဖီးလ်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားသောပွဲတွင် ခြေဖဝါးရိုးကျိုးသည့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လာမည့်ဇူလိုင်လတွင် ကျင်းပမည့် အာရှဖလား ဘောလုံးပြိုင်ပွဲအမီ ကာဟီးလ် ကြံ့ခိုင်မှုရှိလာရန် သြစတြေးလျ နိုင်ငံသားများက လိုလားကြသည်။

ကာဟီးလ်သည် သြစတြေးလျ လက်ရွေးစင်အသင်းသို့ ဇွန် ၂၀ ရက်တွင် ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း လက်ရွေးစင်အသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဲဗာတန်အသင်း၏ ဆေးပညာရှင် ရတ်ဘွန်းသည် ကာဟီးလ်၏ ကျန်းမာရေး အခြေအနေကို စစ်ဆေးနိုင်ရန် ဆစ်ဒနီသို့ ရောက်ရှိလာခဲ့သည်။

အင်တာနက်

လီယွန်အသင်း၏နည်းပြ ဂျရတ်ဟူလီယာ (ဝဲ)နှင့် အသင်းဥက္ကဋ္ဌ ဂျင်းမိုက်ကယ်အောလပ်စ်တို့အား မေ ၂၆ရက် သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နည်းပြ ဂျရတ်ဟူလီယာ လီယွန်အသင်းမှ နုတ်ထွက်မည်

လီယွန် မေ ၂၇

ဘောလုံးနည်းပြ ဂျရတ်ဟူလီယာသည် ပြင်သစ် ချန်ပီယံဆုဖလားကို ခြောက်ကြိမ်တိုင်တိုင် ရရှိခဲ့သော လီယွန်အသင်းမှ ဘောလုံးရာသီကုန်ဆုံးချိန်တွင် နုတ်ထွက်မည်ဖြစ်ကြောင်း ယင်းအသင်း၏ဥက္ကဋ္ဌ ဂျင်းမိုက်ကယ်အောလပ်စ်က ယနေ့ပြောကြားသည်။

ဟူလီယာသည် လွန်ခဲ့သည့် နှစ်နှစ်တာကာလတွင် လီယွန်အသင်းကို ဥရောပရှိ အကောင်းဆုံးအသင်းတစ်သင်းအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်းနိုင်ခဲ့သူဖြစ်ကြောင်း အောလပ်စ်က ပြောကြားသည်။

အင်တာနက်

ဂျာမနီလက်ရွေးစင် မာဆဲလ်ဂျန်ဆင် ဘေယန်မြူးနစ်တွင်ကစားမည်

ဘာလင် မေ ၂၇

ဂျာမနီလက်ရွေးစင်အသင်းမှ နောက်တန်းလူ မာဆဲလ်ဂျန်ဆင်သည် လာမည့် နွေရာသီတွင် ဘေယန်မြူးနစ်အသင်း၌ ပါဝင်ကစားရန် လေးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်ကို ယနေ့ လက်မှတ်ရေးထိုးလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂျန်ဆင်သည် အသင်းပြောင်းရွှေ့ကြေး ယူရို ကိုးသန်း (အမေရိကန်ဒေါ်လာ ၁၂ သန်း)ဖြင့် ဘေယန်မြူးနစ်အသင်းသို့ ရောက်ရှိလာမည်ဖြစ်သည်။

ဂျန်ဆင်သည် နိုင်ငံတကာပွဲပေါင်း ၁၄ပွဲ ကစားခဲ့ပြီးဖြစ်သည်။ ဂျန်ဆင်၏ ဘိုရုရှားမိုယန်ချန်လက်ဘက်ချ် အသင်းသို့ လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်က ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲမှ အတန်းဆင်းခဲ့ရသည်။

ဘေယန်မြူးနစ်အသင်းသည် မိမိ၏ ဘောလုံးသမားဘဝအတွက် အရေးပါလိမ့်မည်ဖြစ်ကြောင်း ဂျန်ဆင်က ပြောကြားသည်။

အင်တာနက်

မေ ၂၀ ရက်က ကျင်းပသော စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲတွင် ရီးယဲလ်မဒရစ်အသင်းမှ ဒေးဗစ်ဘက်ဟမ်း (ဝဲ)နှင့် ရီခရီယေးတစ်ဟယ်လ်ဗာအသင်းမှ ပိုလီတို့ ဘောလုံးယှဉ်လုကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကွင်းလယ်ကစားသမား ဘီနာယွန်း ဝက်စ်ဟမ်းတွင် ဆက်လက်ရှိမည်

လန်ဒန် မေ ၂၅

ဝက်စ်ဟမ်းအသင်းမှ ကွင်းလယ်ကစားသမား ယော်စီဘီနာယွန်းသည် ငါးနှစ်သက်တမ်းရှိ ကန်ထရိုက်စာချုပ်သစ်ကို ယနေ့လက်မှတ်ရေးထိုးလိုက်သည်။ ယင်းစာချုပ်သစ်အရ ဘီနာယွန်းသည် ၂၀၁၂ခုနှစ်အထိ ဝက်စ်ဟမ်းအသင်းတွင် ဆက်လက်ရှိနေမည်ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းနှင့် ကန်ထရိုက်စာချုပ်သစ် လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် မိမိဝမ်းမြောက်မိကြောင်း ဘီနာယွန်းက ပြောကြားသည်။

ဝက်စ်ဟမ်းအသင်းတွင် တွေ့ဆုံရမည့် ဘောလုံးသမားသစ်များသည် မိမိအတွက် ဘောလုံးအရည်အသွေးတိုးတက်စေရန် ပံ့ပိုးပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အစ္စရေးလူမျိုး ဘောလုံးသမား ဘီနာယွန်းသည် မိမိတို့အသင်း၏ အနာဂတ် အစီအစဉ်အတွက် အရေးပါသော ဘောလုံးသမားအဖြစ် ရပ်တည်လာမည်ဟု မိမိမျှော်လင့်ကြောင်း ဝက်စ်ဟမ်းအသင်းဥက္ကဋ္ဌ အက်ဂတ်မက်နဆန်က ပြောကြားသည်။

အင်တာနက်

နယူးကာဆယ်နည်းပြ မိုက်ကယ်အိုဝင်နှင့်တွေ့ဆုံ

လန်ဒန် မေ ၂၇

နယူးကာဆယ် ယူနိုက်တက်အသင်း၏ နည်းပြ ဆမ်အယ်လာဒိုက်စ်သည် အယ်လ်ဘေးနီးယား အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားမည့် ဘောလုံးပွဲတွင်ပါဝင်ကစားရန် ပြင်ဆင်နေသူ မိုက်ကယ်အိုဝင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အယ်လာဒိုက်စ်သည် နယူးကာဆယ်အသင်း၏ နည်းပြသစ်ဖြစ်ပြီး အိုဝင်သည် မျက်နှာချင်းဆိုင် တွေ့ဆုံပြီး ရှေ့ဆက်သွားရမည့် အစီအစဉ်နှင့်ပတ်သက်၍ဆွေးနွေးခဲ့ကြောင်း သတင်းတွင် ရေးသားထားသည်။ အိုဝင်သည် လွန်ခဲ့သည့်နှစ် ဇွန်လက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားသောပွဲ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အိုဝင်သည် ၁၀လကြာမျှ ဘောလုံးကစားနိုင်ခြင်းမရှိခဲ့ပေ။ နယူးကာဆယ်အသင်း၏ လက်ရှိဘောလုံးရာသီ နောက်ဆုံးပွဲသုံးပွဲတွင် ပါဝင်ကစားနိုင်ရန် ၎င်းမှာ အပြင်းအထန်ကြိုးပမ်းခဲ့ရသည်။

အင်တာနက်

ဒေးဗစ်ဘက်ဟမ်းအား အင်္ဂလန်အသင်း ပြန်လည်ခေါ်ယူ

လန်ဒန် မေ ၂၇

ဘရာဇီးနှင့် အက်စတိုးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရမည့်ပွဲများအတွက် အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြ မက္ကလာရင်က ဒေးဗစ်ဘက်ဟမ်းအား ပြန်လည်ခေါ်ယူထားကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အံ့အားသင့်

မက္ကလာရင်သည် လွန်ခဲ့သည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ နည်းပြတာဝန်ယူပြီးနောက်ပိုင်းတွင် ဘက်ဟမ်းသည် အင်္ဂလန်အသင်း၌ ဝင်ရောက်ကစားခွင့် မရရှိခဲ့ပေ။ သို့ရာတွင် ဘက်ဟမ်းအား ယခုအခါ ပြန်လည်ခေါ်ယူခြင်းအတွက် လူအများမှာ အံ့အားသင့်ကြရသည်။

အင်္ဂလန်အသင်းနှင့် ဘရာဇီးအသင်းတို့၏ ချစ်ကြည်ရေး ခြေစမ်းပွဲကို လာမည့် သောကြာနေ့တွင် ဝင်ဘလေကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းပွဲသည် ဘက်ဟမ်းအတွက် ၉၅ ပွဲမြောက် နိုင်ငံတကာပွဲတစ်ပွဲဖြစ်မည် ဖြစ်သည်။

အင်္ဂလန်အသင်းသည် ယင်းပွဲအပြီးတွင် ဇွန် ၆ ရက်၌ ကျင်းပမည့် ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအတွက် အက်စတိုးနီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

အင်တာနက်

ရုဒ်ဗန်နစ္စတယ်လ်ရွိုင်း လက်ရွေးစင်အသင်းသို့ ပြန်လာမည်

ဇီးယစ် (နယ်သာလန်) မေ ၂၇

ရီးယဲလ်မဒရစ်အသင်း၏ တိုက်စစ်မှူး ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းသည် လက်ရွေးစင်အသင်းတွင် ပြန်လည်ကစားမည်ဖြစ်ကြောင်း နယ်သာလန်အသင်း၏ နည်းပြ မာကိုဗန်ဘက်စတင်းက ယနေ့ပြောကြားသည်။

ရီးယဲလ်မဒရစ်အသင်းမှ ရုဒ်ဗန်နစ္စတယ်လ်ရွိုင်း။

(ဓာတ်ပုံ–အင်တာနက်)



ဗန်နစ္စတယ်လ်ရွိုင်းသည် ဂျာမနီတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ပိုင်းကာလ၌ နယ်သာလန်အသင်းတွင် ပါဝင်ကစားခြင်း မရှိပေ။

မိမိ၏အသင်းတွင် ရုဒ်ဗန်နစ္စတယ်လ်ရွိုင်း ပါဝင်ကစားခြင်းဖြင့် အသင်းဖော်များအတွင်း ယှဉ်ပြိုင်လိုစိတ် ပိုမိုကြီးမားလာမည်ဟု မိမိမျှော်လင့်ကြောင်း ဘက်စတင်းက ပြောကြားသည်။

ပါဝင်ကစားမည်

ရုဒ်ဗန်နစ္စတယ်လ်ရွိုင်းသည် တောင်ကိုရီးယားနှင့် ထိုင်းအသင်းတို့နှင့် လာမည့်လတွင် ယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေးခြေစမ်းပွဲများ၌ ပါဝင်ကစားမည် မဟုတ်သော်လည်း စက်တင်ဘာလတွင် ဘူလ်ဂေးရီးယား၊ အယ်လ်ဘေးနီးယား အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည့် ယူရိုဘောလုံးပြိုင်ပွဲခြေစစ်ပွဲများ၌ ပါဝင်ကစားမည်ဖြစ်ကြောင်း ဘက်စတင်းက ပြောကြားသည်။

အင်တာနက်

ဝေလဘောလုံးသမား ဂါရတ်ဘေးလ် စပါးအသင်းတွင် ကစားမည်

လန်ဒန် မေ ၂၇

ဝေလနယ်သား ဘောလုံးသမား ဂါရတ်ဘေးလ်သည် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ကန်ထရိုက်စာချုပ်သစ် လက်မှတ်ရေးထိုးလိုက်ကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂါရတ်ဘေးလ်သည် ဆောက်သင်တန်အသင်းမှ အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ၁၀သန်း (ယူရို၁၄ဒသမ၈သန်း)ဖြင့် ရောက်ရှိလာပြီး ကန်ထရိုက်စာချုပ် အသေးစိတ်အချက်များကို မသိရပေ။

အသက် (၁၇)နှစ်အရွယ်ရှိ ဂါရတ်ဘေးလ်သည် ဗြိတိန်နိုင်ငံတွင် အလားအလာအကောင်းဆုံး နောက်တန်းလူတစ်ဦးဖြစ်ပြီး ယခုနှစ် အစောပိုင်းက ၎င်းအားခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်းက စိတ်ဝင်စားကြောင်း သတင်းတွင်ဖော်ပြသည်။

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် မိမိပါဝင်ကစားခွင့်ရရှိခြင်းမှာ မိမိအတွက် အရေးပါကြောင်း ဂါရတ်ဘေးလ်က ပြောကြားသည်။ ***အင်တာနက်***

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းအသင်း ကိုးကြိမ်မြောက်ဗိုလ်စွဲ ပွဲစဉ်တစ်လျှောက် ရှုံးပွဲမရှိ၊ ပေးဂိုးမရှိ စံချိန်တင်

ရန်ကုန် မေ ၂၇

မန္တလေးမြို့တွင် ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော ရန်ကုန်တိုင်းအသင်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သို့ ရထားဖြင့်ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ ဦးဆောင်နာယက ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်ဘူတာကြီးတွင် ဂုဏ်ပြုပန်းစည်းများကမ်း၍ လည်းကောင်း၊ ဂုဏ်ပြုပန်းများစွပ်၍လည်းကောင်း သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အောင်ပွဲရ ရန်ကုန်တိုင်းအမျိုးသမီး အသင်းသည် ရန်ကုန်ဘူတာကြီးမှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် အနော်ရထာလမ်းအတိုင်း၊ ပြည်လမ်းမှတစ်ဆင့် ရှစ်မိုင်လမ်းဆုံမှ ပြန်ကွေ့ပြီး ကမ္ဘာအေးဘုရားလမ်း၊ ထိုမှ ပါရမီလမ်းအတိုင်းလာကာ တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာကွင်းအထိ လှည့်လည် အောင်ပွဲခံကြသည်။ ပဒေသာ အားကစားခန်းမတွင် အောင်ပွဲရရန်ကုန်တိုင်းဘောလုံးအသင်းအား ဂုဏ်ပြုကြိုဆိုပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေထံ တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ပြန်လည်အပ်နှံကြသည်။ ယင်းနောက် ချန်ပီယံရန်ကုန်တိုင်းအသင်း၏ အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦးက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အောင်ပွဲရ ရန်ကုန်တိုင်းအသင်းအား ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေက ငွေကျပ် ၁၅သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀ သိန်းနှင့် ရန်ကုန်တိုင်း အားကစားနှင့် ကာယပညာကော်မတီအဖွဲ့ဝင် ဦးခင်မောင်လတ် (အောင်တံခွန်သယ်ယူပို့ဆောင်ရေး)က ငွေကျပ် ငါးသိန်းတို့ ပေးအပ် ချီးမြှင့်ကြရာ အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် နာယက ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရန်ကုန်တိုင်းအသင်းနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

(၁၂)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းအသင်းမှာ ပြိုင်ပွဲတစ်လျှောက်ရှုံးပွဲမရှိ၊ ပေးဂိုးမရှိ စံချိန်တင်ကာ ကိုးကြိမ်မြောက်ဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး တံခွန်စိုက်ဒိုင်းအား သုံးနှစ်ဆက်တိုက် ဆွတ်ခူးရရှိသဖြင့် အပိုင်ဆွတ်ခူးရရှိခဲ့သည်။

(ကြေးမုံ)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေနှင့် တာဝန်ရှိသူများ အောင်ပွဲရ ရန်ကုန်တိုင်းအသင်းအား ကြိုဆိုစဉ်။ (ဝဲပုံ) **နှင့် ရန်ကုန်တိုင်း အမျိုးသမီး ဘောလုံးအသင်း ရန်ကုန်မြို့အတွင်း လှည့်လည် အောင်ပွဲခံစဉ်။**

(အောက်ပုံ) (ကြေးမုံ)

အာဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ဝက်လက်မြို့နယ် ဆင်နင်းရွာဇာတိ စစ်ကိုင်းတောင်ရိုး သုဗောဓာရုံကျောင်းတိုက် ဆရာတော် အဘိဇာတာဘိဝံသ ပူဇော်ပွဲနှင့် ဝက်လက်မြို့နယ်အသင်း(ရန်ကုန်) ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးပွဲကို ရန်ကင်းမြို့နယ် မိုးကောင်းလမ်း နိမ္မိတာရုံ ကျောင်းတိုက်တွင် မေ ၂၇ ရက်က ကျင်းပရာ တိပိဋကဓရဘွဲ့တံဆိပ်တော်ရ ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် သင်္ကန်းများကို ဝက်လက်မြို့နယ်အသင်း ဥက္ကဋ္ဌ ရဲမှူးကြီးအေးကို(ငြိမ်း) ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပုသိမ်မြို့ ဓမ္မရေစင်အဖွဲ့၏ တတိယအကြိမ်နွေရာသီအခြေခံ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းအာဂုံပြန်/စာအောင်ဆုပေးပွဲကို မေ ၂၀ရက်က ကျင်းပရာ ပုသိမ်မြို့တကောင်းလမ်းနေ ဦးမြတ်လင်း-ဒေါ်တင်တင်မြ (အိအိချိုငရုတ်သီးမှုန့်)မိ သားစုက အာဂုံပြန် ၁၂ဦးအတွက်ငွေကျပ် ၁၅၀၀၀၀ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကင်း ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ရန်ကင်း မြရတနာလမ်းနေ ဦးတင်ရီ-ဒေါ်ကြည်ကြည် သား၊ သမီး၊ မြေးတစ်စုက ဒေါ်ကြည်ကြည်၏ နှစ်(၈၀)မြောက်မွေးနေ့ ဒါနအဖြစ် ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာပြန်လည် ချီးမြှင့်စဉ်။

(ဉာဉ)

အင်တာနက် သိပ္ပံသတင်း

ရောဂါပိုးမွှားတိုက်ဖျက်ရေးရေ သိပ္ပံပညာရှင်များတီထွင်ထုတ်လုပ်

လန်ဒန် မေ ၂၇

ဘက်တီးရီးယားပိုး၊ ဗိုင်းရပ်စ်ပိုးနှင့် မှိုရောဂါတို့ကို တိုက်ဖျက်နိုင်သည့် ရေတစ်မျိုးကို သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားကြောင်း၊ ရောဂါပိုးမွှားတိုက်ဖျက်ရေးရေကို ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့၌ စမ်းသပ်သုံးစွဲရရာတွင် အာနိသင်ထိရောက်မှုရှိသည်ကို လေ့လာတွေ့ရှိရကြောင်း ဒေးလီးမေးလ်သတင်းစာ၏ မေ ၂၇ရက် အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ရောဂါပိုးမွှားတိုက်ဖျက်ရေးရေကို ဒါမက်စင် (Dermacyn) ဟူ၍ အမည် ပေးထားပြီး အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ်အခြေစိုက် အိုကျူလပ်စ်ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသည်။

ဒါမက်စင်ဆေးသည် ဆားရည်ကို ဓာတုဗေဒနည်းစဉ်အရ ပြုပြင်ပြောင်းလဲထားခြင်းဖြစ်ပြီးဘက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့်မှိုတို့ကိုတိုက်ဖျက်ရာတွင် လက်ရှိပိုးသတ်ဆေးများထက် အာနိသင်ပိုမိုကောင်းမွန်ကြောင်း မန်ချက်စတာဆေးသိပ္ပံမှ ပါမောက္ခ အင်ဒရူးဘူလ်တန်က ပြောကြားသည်။

အဆိုပါဆေးသည် ဆီးချိုဝေဒနာရှင်များ၏ ခြေထောက်တွင်ဖြစ်ပွားသော ပြည်တည်နာကို ကုသရာတွင် လက်ရှိသုံးစွဲနေသော အိုင်အိုဒင်းနှင့် ပဋိဇီဝဆေးဝါးများထက် ပိုမိုထိရောက်မှုရှိကြောင်းငင်းက ပြောကြားသည်။

ဒါမက်စင်ဆေးကို ပြင်သစ်နိုင်ငံတွင် တစ်ပုလင်းလျှင် ၁၆ပေါင်နှုန်းဖြင့် ရောင်းချပေးရန်စီစဉ်လျက်ရှိသည်။ ဆေး၏အာနိသင်မှာ သက်တမ်း နှစ်နှစ်ရှိကြောင်း ငင်းကပြောကြားသည်။ ***အင်တာနက်***

ရောဂါ ပိုးတိုက် ဖျက်ရာတွင် ပိုမိုထိ ရောက်သော ဒါ မက်စင် (Dermacyn) **ဆေးကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၇ ခုနှစ် လူသစ်တန်းနှင့်သက်ငယ်တန်း ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၇

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ ခုနှစ် လူသစ်တန်းနှင့် သက်ငယ်တန်းဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် နာယကများ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအေးကြည်နှင့် ဦးညိုမြင်း၊ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂျူဒိုအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ဂျူဒိုအားကစား မောင်၊ မယ်များက သတ်မှတ်နေရာတွင် နေရာယူကြပြီး မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်က အဖွင့်အမှာစကား ပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။ ဆက်လက်၍ ပြိုင်ပွဲဝင်အားကစား မောင်၊ မယ်များက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ဖွင့်ပွဲနေ့ပွဲစဉ်များကိုစတင် ကျင်းပရာ အမျိုးသား၊ အမျိုးသမီး ပွဲစဉ် စုစုပေါင်း ၄၇ပွဲ ကျင်းပပြီးစီးသည်။ ပြိုင်ပွဲကို မေ ၂၈ရက်အထိ ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူသစ်တန်းနှင့် သက်ငယ်တန်း ဂျူဒိုပြိုင်ပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံ ဂျူဒို အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအေးကြည် အဖွင့်အမှာစကားပြောကြားစဉ်။

(ဂျူဒိုအဖွဲ့ချုပ်)

မွေးနေ့ဆုတောင်း

သမီးများအပေါ် တုန္နိုင်းမမီ မေတ္တာတရားကြီးမားလှစွာသော ကျေးဇူးရှင်ဖခင်ကြီး ချစ်သောပါပါ **ဦးဇော်လင်း (တရားရုံးချုပ်ရှေ့နေ)**၏ မွေးနေ့မှသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် လူသားများအကျိုး၊ သာသနာအကျိုးကို ဆန္ဒရှိတိုင်း ဆက်လက်ဆောင်ရွက်ရင်း မွေးနေ့ပေါင်း ၁၂၀တိုင်တိုင် ချစ်သမီးများနှင့်အတူ ငြိမ်းချမ်းပျော်ရွှင်စွာ ပိုင်ဆိုင်နိုင်ပါစေ။

ချစ်သမီးများ-ထား၊ စု၊ ထိုက်

ရွှေဘုံသာလမ်း၊ အမှတ်-၃၆၆(ပ)ထပ်နှင့်စပ်လျဉ်း၍ သတိပေးတားမြစ်ချက်

ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၆၆)၊အခန်း(၄)၊ ပထပ်နှင့် စပ်လျဉ်း၍ မူလနေထိုင်သူပိုင်ရှင် ဒေါ်ခင်သက်က ယာယီအိမ်ရှင်ဌာနမှူး(ယာ/အုံ)၊ ကန်ထရိုက်တာ ဦးမောင်မောင်ညွှန့်တို့ သုံးဦးကတိုက်အသစ် ဆောက်ပြီးလျှင် ဒေါ်ခင်သက်ထံ လွှဲပြောင်းပေးမည် ဖြစ်ကြောင်း ၂၅-၈-၂၀၀၅နေ့၌ ပဋိညာဉ်ဖွဲ့ထားပါသည်။

၂၁-၁၂-၂၀၀၆နေ့တွင် ဒေါ်ခင်သက်ကွယ်လွန်သွား၍ သားသမီးရင်းများဖြစ်ကြသော ကိုဝင်းမောင်(ခ)မူဆာ၊ စိန်မောင်(ခ)နော်မန်၊ ညီညီ၊ မခင်စန်းဝင်း၊ မမော်လီဝင်း၊ မစီစီဝင်း၊ မယုယုဝင်းတို့က ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိရှေ့တွင် ၂၇-၁၂-၂၀၀၆ နေ့က အဆိုပါအခန်းကို ပူးတွဲပိုင်ဆိုင်ကြောင်းနှင့် လွှဲအပ်ယူခွင့်ရှိကြောင်း ကြေညာခဲ့ပါသည်။

ယင်းဥပစာကို မည်သည့်အခါမျှ ရောင်းချမည်မဟုတ်ပါ၍ ရောင်းချ၊ ပေါင်နှံ၊ အငှားချထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုရန် သတိပေးတားမြစ်ပါသည်။

ခင်မောင်မောင် B.A (D.S.A) B.L
တရားရုံးချုပ်ရှေ့နေ
၁၁၃/၄၂-လမ်း
ဖုန်း-၃၈၀၁၈၉၊ ၃၇၆၄၈၁၊ ၂၄၈၁၄၄

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ သမိုင်းဝင်ဆံတော်ရှင် **ဦးဇိနစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှု** လုပ်ငန်းများအတွက် မေ ၉ ရက်က အလှူရှင် မော်လမြိုင်မြို့ ရွှေတောင်ရပ်နေ ဦးလှတင့်-ဒေါ်စိုးစိုးလှိုင် မိသားစုက ငွေကျပ်ခုနစ်သိန်း ပေးအပ်လှူဒါန်းရာ **ဦးဇိနစေတီတော်မြတ်ကြီး၏** ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင်ညွှန့် လက်ခံယူစဉ်။ (က-ပ)

မေ ၂၆ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မလွှကုန်း မီးရထားရပ်ကွက်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ပြီး အမက(၁၅)တွင် ယင်လုံအိမ်သာသုံးပစ္စည်း ၁၀စုံကို ကျောင်းအုပ်ဆရာမကြီးထံ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်ဌေးဌေးရှိန်တို့ ပေးအပ်စဉ်။ (၃၂)



Career Opportunity

(for local service only) ပြည်တွင်း၌သာ ခန့်ထားရန်

Innovative concept into practice

Incepta Pharmaceuticals Ltd., a major player of health care sector of Bangladesh was established in the year 1999. Since inception, a major element of Incepta's commitment is to ensure product quality. We develop and implement Innovative concepts in providing safe and effective medicines. Our focus is to bring newer and technologically advanced molecules to fulfill the unmet demands.

Incepta has a grand state-of-the-art manufacturing facility (250000 sft). The company specializes in value added high technology dosage form like lyophilized injections, biotech products, sustained release tablets, quick mouth dissolving tablets, barrier coated delayed release tablets, taste masked preparations, pre-filled syringes etc. It also produces tablets, capsules, oral liquids, ampoules, dry powder vials, suspensions, ophthalmics, nasal sprays and cephalosporins.

Incepta has a clear vision to become a leading research based dosage form manufacturing company with global presence. Incepta is going to establish its operations in Myanmar with integrated marketing operation. To strengthen its qualitative approach and to support business expansion in Myanmar, Incepta is inviting applications from deserving female/male candidates for the following post :

Medical Promotion Officer (15nos)

Job requirements:

- M.B.B.S/B.Sc/M.Sc from any reputed University
- Excellent communication skills
- Patience and self-motivation
- Ability to adapt to constant changes
- Strong networking skills
- Fluency in English will be given preference
- Age should be below 30 years
- Preference will be given to experienced candidates
- Selected candidate must be ready to work anywhere in Myanmar

Job responsibilities:

- Selecting potential customers and arranging appointments with doctors, pharmacists and hospital medical teams
- Promotion of Products and providing updated scientific information to the target doctors
- Evaluate sales and prescription periodically to ensure achievement
- Organizing conferences for doctors and other medical professionals
- Monitoring competitor activity and competitors' products
- Regularly attending company meetings, technical data presentations and briefings

The deserving candidates will be employed under Incepta Pharmaceuticals Ltd. An attractive salary commensurate to the individuals capability will be offered (Salary will be given in kyats). If you are looking for an environment where your contribution will make a difference and be noticed, then Incepta is your kind of company. Please forward your resume with photocopies of all academic certificates, labour copy of registration card and recent photograph with an application addressing MD, Incepta Pharmaceuticals Ltd. mentioning the position by June 9, 2007 to the following address :

Pharmaceutical Products Ltd. 151, 50th St . Pazundaung Township, Yangon , Myanmar
Tel: 294988, Fax: 202150, email: pharmaproducts@mptmail.net.mm

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၀)ဖြန့်ချီ

ရန်ကုန် မေ ၂၇

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၂၀)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ "အယ်ဒီတာ့ဒိုင်ယာရီ"၊ "အွန်စောတို့ဌာနေ" အခန်းဆက် ခရီးသွားဆောင်းပါးနှင့်အတူ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံသစ်က မြန်မာ့လေကြောင်းစီးပွားရေး အခွင့်အလမ်းများ ပွင့်လင်းလာစေမည်၊ မြန်မာနိုင်ငံသို့ ဝင်မည့် ကုန်တင်သင်္ဘောတစ်စင်း ရခိုင်ကမ်းလွန်တွင် တိမ်းမှောက်၊ မြန်မာသင်္ဘောသား ၁၀ ဦးအား ကယ်ဆယ်ပြီးသော်လည်း သုံးဦးကျန်ရှိနေ၊ သေးသေးလေးလည်း ဝယ်လို့ရတယ် (တစ်ကျပ်သား၊ ငါးမူးသား၊ အခေါက်ရွှေ အတုံးသေးများ ဝယ်ယူစုဆောင်းမှုများလာ)၊ ပြည်တွင်း ပညာရှင်များဖြင့် တစ်သျှူးစက္ကူ အောင်မြင်စွာ ထုတ်လုပ်၊ ကိုရီးယားနိုင်ငံသို့ မြန်မာလုပ်သားများ တရားဝင်စေလွှတ်နိုင်ရန် စီစဉ်သွားမည်စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။ "အတက် အဆင်းများနဲ့ ပြိုင်မြင်း ၂၀ တို့ရဲ့ ရာသီစက်ဝန်းတစ်ပတ်" အားကစားဆောင်းပါးနှင့်အတူ ပေကျင်းမြို့တော် အာဏာပိုင်များ ပညာရေး၌ ပုံအောမည်ဆို၊ ဂျပန်ရာဇဝတ်မှု၏ သားကောင်များ ပြင်ပအကူအညီမရကြ၊ စင်ကာပူဝန်ကြီးချုပ် "ကရုဏာ ရက်သတ္တပတ်" ဖွင့်လှစ်၊ တောင်နှင့် မြောက်ကိုရီးယား ရထားလမ်း အချိတ်အဆက် အစမ်းဖွင့်လှစ်ပြီ၊ ဂျပန် အရက်ဆာကေး မော်တော်ကားဓာတ်ဆီ ဖြစ်လာမည်၊ အိန္ဒိယမီးရထား လူကတွန်းရသောအလှည့်လည်း ရှိစသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

၂၀၀၈ခုနှစ်တွင် လယ်ယာသုံးစက်များကို ကြက်ဆူဆီဖြင့် အစားထိုးအသုံးပြုရန် ရည်မှန်းထား တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တပ်ကုန်းမြို့နယ်ခေတ်အေးကျေးရွာ ကြက်ဆူစိုက်ပျိုးပွဲတော်၌ မှာကြား စပါးရိတ်စက်ဖြင့် နွေစပါးရိတ်သိမ်းမှု၊ စုပေါင်းစပါးရိတ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ကြက်ဆူစိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ခေတ်အေးကျေးရွာ ကြက်ဆူစိုက်ပျိုးခင်း၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြားသည်။

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်တွင် နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုသည် နိုင်ငံတော်၏ လောင်စာဆီလိုအပ်ချက်အရ စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ခြံစည်းရိုးကြက်ဆူကဲ့သို့ အစားထိုးလောင်စာဆီများ ကြိုးပမ်းရှာဖွေလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်တွင် လယ်ယာသုံး စက်ပစ္စည်းများအား ကြက်ဆူဆီဖြင့် အစားထိုးအသုံးပြုရန် ရည်မှန်းထားရှိကြောင်း၊ ယခင်နှစ်က စိုက်ပျိုးထားသည့်နေရာများတွင်ဖြစ်ထွန်း

စာမျက်နှာ ၉ ကော်လံ ၂ သို့ ➪

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကျောင်းကုန်း၊ ရေကြည်၊ကျုံပျော်နှင့်ဟင်္သာတမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယမန်နေ့နံနက် ၈ နာရီခွဲတွင် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ဝက်ချောင်းကျေးရွာအဝင်လမ်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်သည်။

ရှေးဦးစွာ ကျောင်းကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးက ကျောက်ချောလမ်းသစ်နှင့်ပတ်သက်၍ အချက်အလက်များ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဦးမြင့်လှိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောက်ချောလမ်းသစ်ကို ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဝက်ချောင်းကျေးရွာအထိ သွားရောက်၍ လမ်းသစ်အား လှည့်လည်ကြည့်ရှုသည်။ အဆိုပါ ကျောက်ချောလမ်းသစ်သည်အရှည်ပေ၆၁၅၀၊အကျယ် ၁၀ပေရှိပြီး

စာမျက်နှာ ၉ ကော်လံ ၂ သို့ ❍

ဗဟို အလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ရေကြည်မြို့နယ် စည်ခွကျေးရွာ အလယ်တန်းကျောင်းခွဲခန်းမ၌ ကျေးလက်ပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက် ပေးနေမှုများကို ရှင်းလင်းပြောကြားစဉ်။ (နယ်စပ်/စည်ပင်)

NLD ပါတီ၏ တိုင်းပြည်အတွက် အကျိုးမပြုသော လုပ်ဆောင်ချက်များကို စိတ်ဝင်စားမှုမရှိ၊ ပါတီနှင့်ပါတီခေါင်းဆောင်တို့အပေါ် ယုံကြည်မှုမရှိ မော်လမြိုင်ကျွန်းမြို့နယ်မှ ပါတီဝင် ၂၂ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၇

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော လေးအိမ်တန်းကျေးရွာနေ ဦးတင်ရွှေ အပါအဝင် ၂၂ဦးတို့သည် မေ ၂၅ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❐